ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ စနေနေ့၊ (15-12-2007) (၅၅၃၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စည်းကမ်းပြည့်ဝပြီး စစ်မှန်တဲ့ ဒီမိုကရေစီစနစ် ကျင့်သုံးရေးအတွက် အလေ့အကျင့်ကောင်းတွေရအောင်ဆောင်ရွက်

အုပ်ချုပ်ရေးကဏ္ဍက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကျင့်စဉ်ဖြစ်ထွန်းလာအောင် ဖော်ဆောင်ဖို့လိုတဲ့နည်းတူ

ပြည်သူတစ်ရပ်လုံးကလည်း စည်းကမ်းကို အလေးအနက်ထားပြီး လိုက်နာကျင့်သုံးကြဖို့ လိုအပ်

တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၄

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀) သင်တန်းဆင်းပွဲအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရဲဘော်တို့–

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀)ရဲ့ သင်တန်းဆင်းပွဲအခမ်းအနားမှာ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့ဟာ လေ့ကျင့်သင်ကြားမှုကာလကို အောင်မြင်စွာ ဖြတ်ကျော်ခဲ့ကြပြီးဖြစ်လို့ ဦးစီးဆောင်ရွက်ရမယ့် ခေါင်းဆောင်ငယ်ဘဝကို တက်လှမ်းကြရတော့မှာဖြစ်တယ်။ ရဲဘော်တို့ ထမ်းဆောင်ကြရမယ့် တပ်မတော်ရဲ့ အဓိကတာဝန်ကြီး(၃)ရပ်ကတော့ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တွေပဲဖြစ်တယ်။

ရဲဘော်တို့–

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုရာမှာ စစ်ရေးဆိုတာဟာ နိုင်ငံရေးရဲ့အဆက်ဖြစ်ပြီး နိုင်ငံရေးဆိုတာဟာလဲ စီးပွားရေးရာနဲ့ အပြန်အလှန် တည်မှီလျက်ရှိတယ်။ ဒါ့အပြင် နိုင်ငံရေးရည်မှန်းချက်၊ စီးပွားရေးရည်မှန်းချက်နဲ့ လူမှုရေးရည်မှန်းချက်တွေကို ထိန်းကျောင်းရတာကတော့ အုပ်ချုပ်ရေးကဏ္ဍဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ခေါင်းဆောင်ငယ်များအဖြစ် ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ ကာကွယ်ရေးအမြင်စတဲ့ အမြင်(၄)မြင်နဲ့ ပြည့်စုံကြဖို့ လိုအပ်တယ်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၅–၁၂–၂၀၀၇
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စေတနာသွေးဖြင့် လူ့အသက်ကို ကယ်တင်

သွေးသည် လူ၏အသက်ပင်ဖြစ်ရာ သွေးလှူဒါန်းခြင်းသည် ဇီဝိတဒါန မွန်မြတ်သောအလှူဖြစ်သည်။ မိမိကိုယ်တိုင် သွေးလှူခြင်းနှင့် စေတနာသွေးလှူရှင်များ တိုးပွားများပြားလာရေး အားထုတ်ကြိုးပမ်းနေခြင်းသည် ထူးကဲသော ကုသိုလ်ပြုခြင်းဖြစ်သည်။

သွေးကို ထိခိုက်ဒဏ်ရာရပြီး သွေးထွက်လွန်နေသူ၊ ခွဲစိတ်ကုသရာတွင် သွေးထွက်များ၍ သွေးလိုအပ်နေသူ၊ ကလေးမီးဖွားစဉ်နှင့် ကိုယ်ဝန်ပျက်ကျစဉ် သွေးလိုအပ်နေသူ၊ သွေးလန့်ခြင်း၊ သွေးအားနည်းခြင်းကြောင့် သွေးလိုအပ်နေသူများနှင့် ကင်ဆာရောဂါရှိသူများအား သွေးသွင်းကုသရာတွင် အဓိကအသုံးပြုကြရသည်။

သွေးသွင်းကုသရန် လိုအပ်သော လူနာများအတွက် သွေးကို အချိန်မီလုံလောက်စွာရရှိရန် လိုအပ်သကဲ့သို့ ကျန်းမာသန့်စင်သည့် သွေးလှူရှင်များက လှူဒါန်းကြရန်လည်း အရေးကြီးသည်။ အထူးသဖြင့် သွေးလှူရှင်များသည် ကျန်းမာပြီး သွေးနီအားပြည့်မီသူများ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုး၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးစသည့် ကူးစက်နိုင်သော ရောဂါပိုးကင်းစင်သူများ ဖြစ်ကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများ အထူးသဖြင့် HIV ရောဂါပိုးစစ်ဆေးမှုများ၊ သွေးအရည်အသွေးပြည့်မီစေရန် ထိန်းချုပ်သည့် အစီအစဉ်များကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီး ၁၅ ရုံအတွက် နှစ်စဉ်လိုအပ်နေသော သွေးများကို လေးလတစ်ကြိမ် မှန်မှန်လှူဒါန်းနေသော သွေးလှူရှင် ၂၅၀၀ ခန့်နှင့် တစ်နှစ်လျှင်တစ်ကြိမ်ခန့် လှူဒါန်းနေသူ သွေးလှူရှင် ၁၅၀၀ ခန့်တို့က ထောက်ပံ့လျက်ရှိသည်။

သွေးလှူဒါန်းရာတွင် ပိုးမွှားသန့်စင်ပြီးသော အပ်များ၊ ကိရိယာများကိုသာသုံးစွဲသဖြင့် မည်သည့်ရောဂါမျှ မကူးစက်နိုင်သည့်အပြင် သွေးမလှူမီ လိုအပ်သော ဆေးစစ်ချက်များ ပြုလုပ်ပြီးမှသာ သွေးလှူစေသဖြင့် အန္တရာယ်လည်းကင်းပေသည်။ ထို့အပြင် သွေးလှူဒါန်းမှုသည် မိနစ်ပိုင်းမျှသာကြာပြီး သွေးလှူရှင်အား ခေတ္တအနားယူစေခြင်း၊ အစားအစာဖြင့် အားဖြည့် လန်းဆန်းစေခြင်းတို့ကြောင့် အသက် ၁၈ နှစ်မှ ၆၀ အတွင်းရှိ ကျန်းမာရေး ပြည့်စုံသူတိုင်း သွေးလှူသင့်ကြပေသည်။

အလှူဒါနပြုခြင်းသည် ကောင်းမြတ်သော အစဉ်အလာတစ်ရပ်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်သည့် မိမိ၏ ခန္ဓာကိုယ်အတွင်းမှ သန့်စင်သော စေတနာသွေးဖြင့် အခြားသူတစ်ဦး၏ အသက်ကို ကယ်တင်နိုင်ခြင်းသည် အမြတ်ဆုံးအလှူများထဲတွင် ပါဝင်သည်။ တစ်ဦးချင်း သွေးလှူသူများ၊ အသင်းအဖွဲ့အလိုက်၊ ဌာနအလိုက်၊ မြို့နယ်အလိုက် သွေးလှူဒါန်းနေသူများ၊ သွေးလှူရှင်များ တိုးပွားလာရေးနှင့် သွေးစုဆောင်းရေးတို့အတွက် ငွေအား၊ လူအား၊ ပစ္စည်းကိရိယာများဖြင့် လှူဒါန်းနေကြသူများ တိုးတက်များပြားလာလျက်ရှိရာ လူ့အသက်ပေါင်းများစွာကို ပိုမိုကယ်တင်ပေးနိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ကေ၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် သီတာလမ်းနေ ဒုရဲမှူးစိုးမြင့်(ငြိမ်း)–ဒေါ်တင်တင်ကြည် (စက်မှု–၁၊ ငြိမ်း)နှင့် သမီး မဥမ္မာစိုး၊ မစန္ဒာစိုး၊ သား ဗိုလ်မှူးဇော်နိုင်ဦး၊ သမီး မစိုးသန္တာမိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဇောတိက (သာသနဓဇဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာရေးဆိုင်ရာ အသင်းအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံ

သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာဆိုင်ရာ အသင်းအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ အထွေထွေ အတွင်းရေးမှူးများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များအား ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၁၄

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုသည် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ရန်ကုန်ရုံးခွဲ အစည်းအဝေးခန်းမ၌ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာဆိုင်ရာ အသင်းအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကလျာဏယုဝခရစ်ယာန်အသင်း၊ အိုလမာအစ္စလာမ် သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ အစ္စလာမ်သာသနာရေးရာကောင်စီအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်၊ မြန်မာ မွတ်စလင်လူငယ်များ(ဘာသာရေး)အဖွဲ့၊ မြန်မာ မွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေး ဗဟိုအဖွဲ့ချုပ်(ယာဃီ)၊ သနတ္တနဓမ္မပါလကအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ဘာသာအချင်းချင်း မကြာခဏထိတွေ့ခြင်းဖြင့် ချစ်ခင်ရင်းနှီးမှုရှိစေရေး၊ ဘာသာတစ်ခုချင်းအတွင်း လိုအပ်ချက်များနှင့် အကြံပြုချက်များရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းကြရေးနှင့် ဝန်ကြီးဌာနက ဆောင်ရွက်ပေးရန်ရှိသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်နှင့် ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့အသင်းအဖွဲ့များအလိုက် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြ၍ အထွေထွေ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် ရန်ကုန်မြို့ လှိုင်မြင့်မိုရ်အိမ်ရာနေ ဦးမင်းမော်–ဒေါ်မြင့်မြင့်သင်း၊ သား စိုင်းအောင်စိုးမော်၊ နန်းအေးလဲ့ခိုင် မိသားစုက စေတီတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်း လှူဒါန်းစဉ်။ (က–ပ)

အလက(၃)တာမွေနှင့် အထက(၅)မင်္ဂလာတောင်ညွန့် (ယခင် စိန့်မိုက်ကယ်ကျောင်း) အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

အလက(၃) တာမွေနှင့် အထက(၅) မင်္ဂလာတောင်ညွန့် (ယခင်စိန့်မိုက်ကယ်ကျောင်း)၏ ၂၀၀၈ ခုနှစ်၊ အဌမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၁၂ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဒေါ်အဲလစ်မောင် ဖုန်း–၅၅၅၉၅၈၊ ဦးချာလီချီးယား ဖုန်း–၂၉၈၃၅၁၊ ဒေါက်တာ အောင်သန့် ဖုန်း–၀၉–၉၈၂၆၉၂၈၊ ဒေါက်တာဝင်းအောင် ဖုန်း–၂၉၂၃၅၀၊ ဦးအုန်းမောင် ဖုန်း–၀၉–၅၁၇၃၂၂၉၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေး(ငြိမ်း) ဖုန်း–၀၉–၅၁၆၆၈၄၇၊ ဦးဟယ်ရီဒူပလီ ဖုန်း–၀၉–၅၀၀၃၁၃၃၊ မနီနီမာ ဖုန်း– ၀၉–၅၀၁၄၈၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က–ပ)

မုဒုံမြို့ ဘိုးဘွားရိပ်သာသို့ မြေကွက်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၄

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာသို့ မြေကွက်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မုဒုံမြို့ ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်များ၊ အလှူရှင်နှင့် ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပိုးရီနှင့် အမှုဆောင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မြင့်နှင့် အမှုဆောင်များ၊ မုဒုံမြို့ မြို့မ (၄) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းမြင့်ဦးနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ မုဒုံမြို့ ချောင်းဝကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ပိတောက်ရွှေဝါ(၆)လမ်းနေ ဦးမြင့်ရွှေ မိသားစုက မုဒုံမြို့ ဘိုးဘွားရိပ်သာသို့ လှူဒါန်းသည့် ငွေကျပ် သိန်း ၄၀ တန်ဖိုးရှိ (၂၄ ပေ၊ ၅၆ ပေ)ရှိ မြေကွက်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပိုးရီနှင့် ဘဏ္ဍာရေးမှူး ဒေါက်တာ မြင့်ဦးတို့ထံ ပေးအပ်သည်။ **(ဝဲပုံ)**

ယင်းနောက် ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး အလှူရှင်အား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ပြီး လှူဒါန်းမှုအစုစုအတွက်ရေစက်ချအမျှပေးဝေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ကြွယ်ဝချမ်းသာရေးအတွက် စက်မှုနိုင်ငံတော်တည်ဆောက်ရေးကို တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်ခဲ့ အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ်တွေရရှိရေးအတွက် ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍတွေကို မြှင့်တင်ပေးလျက်ရှိ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

☆ ရွှေဖုံးမှ

ရဲဘော်တို့-

နိုင်ငံရေးအမြင်နဲ့ပတ်သက်လို့ ပြောကြားရရင် ဒို့နိုင်ငံမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ သမိုင်းကပေးအပ်တဲ့ အမျိုးသားနိုင်ငံရေးပဲဖြစ်တယ်။

ဒို့နိုင်ငံမှာ တိုင်းရင်းသားမျိုးနွယ်စုပေါင်းတစ်ရာကျော်တို့ဟာ လူရယ်လို့ဖြစ်လာကတည်းက တစ်သွေးတည်း၊ တစ်သားတည်း နေထိုင်လာခဲ့ကြတာဖြစ်ပြီး ကိုလိုနီလက်အောက်ကို ကျရောက်ခဲ့တော့မှ သွေးခွဲအုပ်ချုပ်ခြင်းကို ခံခဲ့ကြရတယ်။ ဒါ့ကြောင့်လဲ အချို့သော တိုင်းရင်းသားတွေမှာ လူမျိုးစွဲ၊ ဒေသစွဲတွေ ဖြစ်ပေါ်ခဲ့ပြီး လွတ်လပ်ရေးနဲ့အတူ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေ အကြီးအကျယ်ပေါ်ပေါက်ခဲ့ရတယ်။ နိုင်ငံတော်မှာ အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးမရှိတဲ့အတွက် အစစအရာရာ ခေတ်နောက်ကျခဲ့ရတယ်။ ဒါ့အပြင် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးလု အခြေအနေမျိုးတွေနဲ့လဲ မကြာခဏ ကြုံတွေ့ခဲ့ကြရတယ်။

ဒါကြောင့် **သမိုင်းအဆက်ဆက်မှာ တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်သွေးချွေးတွေကို စွန့်လွှတ်ခဲ့ရတယ်။ ဒါဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိခြင်းနဲ့ ကျဆုံးလေပြီးသော တပ်မတော်သားတို့ရဲ့သစ္စာကို စောင့်သိခြင်းတို့ပဲဖြစ်တယ်။ အနာဂတ်မှာလည်း တပ်မတော်ဟာ မည်သည့်ခေတ်၊ မည်သည့်ကာလ၊ မည်သည့်အစိုးရလက်ထက်ဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစတဲ့ ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်ရဲ့ အစဉ်အလာအရ သက်စွန့်ကြိုးပမ်း ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။**

ရဲဘော်တို့-

စီးပွားရေးအမြင်နဲ့ ပတ်သက်လို့ပြောရရင် စီးပွားရေးရဲ့အခြေခံအကျဆုံးဟာ နိုင်ငံသားတစ်ဦးချင်းစီရဲ့ စား၊ ဝတ်၊ နေမှု ဖူလုံရေးဖြစ်တယ်။ ယခင်က ဒို့နိုင်ငံမှာ တိုးတက်လာတဲ့လူဦးရေနဲ့ စားရေရိက္ခာထုတ်လုပ်မှု မမျှတတော့တဲ့အတွက် ဆန်စပါးပြတ်လပ်မှု အကျပ်အတည်းတွေကို မကြာခဏ ကြုံတွေ့ခဲ့ကြရတယ်။ ဒါကြောင့် တပ်မတော်အစိုးရ တာဝန်ယူရတဲ့ကာလမှာ လက်ရှိလူဦးရေ ၅၆ သန်းကျော်အပြင် နောင်လာမယ့် သားစဉ်မြေးဆက်တွေအတွက်ပါ မျှော်မှန်းပြီး လူဦးရေသန်း ၁၀၀ အတွက် ဆန်ဖူလုံရေးကို အထူးတလည် ကြိုးပမ်းဆောင်ရွက်ခဲ့ရတယ်။ ဒါ့အပြင် စားသုံးဆီ တိုးမြှင့်ထုတ်လုပ်ရေးနဲ့ စက်မှုလယ်ယာသုံး ဇီဝလောင်စာဆီ ထုတ်လုပ်ရေးအတွက်လည်း နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်ဆဲဖြစ်တယ်။

ပြည်တွင်း စားရေရိက္ခာဖူလုံရေးကို အားသွန်ကြိုးပမ်း ဆောင်ရွက်တဲ့နည်းတူ နိုင်ငံတော် ကြွယ်ဝချမ်းသာရေးအတွက် စက်မှုနိုင်ငံတော် တည်ဆောက်ရေးကိုလည်း တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ ဒီလိုဆောင်ရွက်ရာမှာ အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ်တွေ ရရှိရေးအတွက် ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍတွေကို မြှင့်တင်ပေးလျက်ရှိတယ်။

လူသားအရင်းအမြစ်တွေ မြင့်မားလာတာနဲ့အမျှ ဒို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ တစ်နှစ်ပြီးတစ်နှစ် အရှိန်အဟုန် ကြီးမားလာမှာဖြစ်တယ်။

ရဲဘော်တို့-

အုပ်ချုပ်ရေးအမြင်နဲ့ ပတ်သက်လို့ ဆက်လက်ပြောကြားရရင် **ယနေ့လို အသွင်ကူးပြောင်းရေးကာလမှာ အုပ်ချုပ်ရေးရဲ့ အနှစ်သာရဟာ စည်းကမ်းပြည့်ဝပြီး စစ်မှန်တဲ့ ဒီမိုကရေစီစနစ် ကျင့်သုံးရေးအတွက် အလေ့အကျင့်ကောင်းတွေရရှိအောင် ဆောင်ရွက်ရေးဖြစ်တယ်။ ဒီမိုကရေစီကျင့်စဉ်ဆိုတာဟာ မင်းမဲ့စရိုက်နဲ့ ပါးလွှာတဲ့ ခြားနားမှုသာရှိတဲ့အတွက် အုပ်ချုပ်ရေးကဏ္ဍက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကျင့်စဉ် ဖြစ်ထွန်းလာအောင် ဖော်ဆောင်ဖို့လိုတဲ့နည်းတူ ပြည်သူတစ်ရပ်လုံးကလည်း စည်းကမ်းကို အလေးအနက်ထားပြီး လိုက်နာကျင့်သုံးကြဖို့ လိုအပ်တယ်။ ဒါမှသာ နိုင်ငံတော်ကြီးဟာ အေးချမ်းတည်ငြိမ်စွာနဲ့ ဒီမိုကရေစီစနစ်ကို ခိုင်မြဲစွာကျင့်သုံးနိုင်မှာဖြစ်ကြောင်း ပြောကြားလိုတယ်။**

ရဲဘော်တို့-

ကာကွယ်ရေးအမြင်နဲ့ပတ်သက်လို့ ဆက်လက်ပြောကြားရရင် ဒို့တပ်မတော်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတဲ့ တပ်မတော်ဖြစ်တယ်။ ဒါကြောင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထုပိုင်နက် နယ်နိမိတ်ကို ကာကွယ် စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားမှန်သမျှကို အသက်ပေး ကာကွယ်စောင့်ရှောက်ကြရမယ်။ ဒီလိုကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဒို့တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်ရမယ်။ တည်ဆောက်ရမယ့်နည်းလမ်းတွေကတော့ လေ့ကျင့်ရေးနဲ့ တည်ဆောက်၊ အုပ်ချုပ်ရေးနဲ့တည်ဆောက်၊ သက်သာချောင်ချိရေးနဲ့ တည်ဆောက်၊ စိတ်ဓာတ်နဲ့ တည်ဆောက်ဆိုတဲ့ တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီး(၄)ရပ်ပဲဖြစ်တယ်။

ရဲဘော်တို့-

ဒို့ရဲ့ အဓိကတာဝန်ကြီးတစ်ရပ်ဖြစ်တဲ့ လေ့ကျင့်ရေးဆိုတာ အမြဲတမ်းလေ့ကျင့်ရမည်။ အမြဲတမ်းစစ်ရေးသတိရှိရမည်။ အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်ရမည်ဆိုတဲ့ မြဲသုံးမြဲရဲ့ ပထမဦးဆုံးအချက်လည်းဖြစ်တယ်။

လေ့ကျင့်သားပြည့်ဝမှုဆိုတာဟာ တပ်မတော်ရဲ့ အားဆယ်ပါးအနက် တစ်ပါးအပါအဝင်ဖြစ်တယ်။ လေ့ကျင့်သားပြည့်ဝရင် အမိန့်နာခံတတ်မှုကောင်းမယ်၊ စိတ်ဓာတ်ခိုင်မာမှုနဲ့ ဇွဲသတ္တိပြည့်ဝမှုရှိမယ်၊ စစ်စည်းကမ်းကောင်းမွန်မှုရှိမယ်၊ တိုက်ရည်ခိုက်ရည်ပြည့်ဝမှုရှိမယ်၊ ကျန်းမာကြံ့ခိုင်မှုရှိမယ်၊ အချင်းချင်း ရဲဘော်စိတ်မြင့်မားလာမယ်၊ လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်ဆိုတဲ့အတိုင်း မိမိကိုယ်မိမိယုံကြည်ပြီး နိုင်ငံတော်နဲ့ တပ်မတော်အတွက် စွန့်လွှတ်စွန့်စားလိုစိတ်တွေ ထက်သန်လာမယ်။ ဒါ့အပြင် သန္နိဋ္ဌာန်စိတ်နဲ့ ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိလာမယ်။

ဒါကြောင့် လေ့ကျင့်ရေးနဲ့ ပတ်သက်လာရင် ကျယ်ကျယ်ပြန့်ပြန့်နဲ့ အဆင့်အတန်းမီမီ ဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

တပ်မတော်ရဲ့ အဓိကတာဝန်ကြီး(၃)ရပ်မှာ အပါအဝင်ဖြစ်တဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းနဲ့ ပတ်သက်လို့ ပြောကြားရရင် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏လို့ နေ့စဉ်သစ္စာဆိုထားကြတဲ့ ဒို့တပ်မတော်သားတွေဟာ တပ်မတော်သည် ပြည်သူ့အတွက်ဆိုတဲ့ မူဝါဒအတိုင်းလိုက်နာဆောင်ရွက်ကြရမယ်၊ ပြည်သူတို့ရဲ့ ရင်နှစ်သည်းချာဖြစ်တဲ့ ရဲဘော်တို့ဟာ ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားပါဆိုတဲ့ ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့်ကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့-

တပ်မတော်ရဲ့ အဓိကတာဝန်ကြီး (၃)ရပ်ကို ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရမယ့် ရဲဘော်တို့ဟာ ခေါင်းဆောင်ကောင်းတွေဖြစ်အောင် ကြိုးစားကြရမယ်။

ခေါင်းဆောင်ဆိုတာဟာ ခေါင်းဆောင်မှုအင်္ဂါရပ်တွေနဲ့ ပြည့်စုံရမယ့်အပြင် သာမန်ထက်မြင့်မားတဲ့ အရည်အချင်းတွေ ရှိရမယ်။ လူသားတို့ရဲ့ စိတ်ဓာတ်နဲ့ စွမ်းရည်ကို စနစ်တကျ စုစည်းပြီး ရည်မှန်းချက်တာဝန်ကို တက်ညီလက်ညီ ထမ်းရွက်အောင် ဦးဆောင်နိုင်စွမ်းရှိရမယ်။

ဒါကြောင့် ခေါင်းဆောင်ဟာ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံရမယ်။ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံတဲ့ သတ္တိဗျတ္တိရှိရမယ်။ စွန့်လွှတ်စွန့်စားရဲရမယ်။ အခြေအနေအရပ်ရပ်ကို ကြိုတင်မြော်တွေးနိုင်စွမ်းနဲ့ ကြိုတင်ပြင်ဆင်ဖြည့်ဆည်းနိုင်စွမ်းရှိရမယ်။ တပ်ဖွဲ့ဝင်တွေရဲ့ ယုံကြည်လေးစားအားထားခြင်းကို ခံရသူဖြစ်ရမယ်။ မိမိခေါင်းဆောင်ရတဲ့ အဖွဲ့အစည်းကို အမြဲစည်းလုံးညီညွတ်မှုရှိနေအောင် တည်ဆောက်နိုင်စွမ်းရှိရမယ်။ ဒါမှသာ ရဲဘော်တို့ဟာ နောင်တစ်ခေတ်၏ အောင်စစ်သည်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပြည်သူတွေက အားထားလောက်တဲ့ နိုင်ငံ့သားကောင်းအဖြစ် ခံယူနိုင်မှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးချုပ်အားဖြင့်ပြောကြားရရင် မျိုးချစ်တပ်မတော်သားတွေဖြစ်တဲ့ ရဲဘော်တို့ဟာ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကြပါ၊ သစ္စာလေးချက်ကို အသက်နဲ့ထပ်တူ စောင့်ထိန်းကြပါ၊ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်း သယ်ဆောင်ကြပါ၊ တပ်မတော်ရဲ့ အဓိကတာဝန်ကြီး (၃)ရပ်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါ၊ စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ စောင့်ထိန်းကြပါ၊ ဘက်စုံကဏ္ဍစုံမှာ အခြေအနေကောင်းတွေ ရရှိနေပြီဖြစ်တဲ့ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝပြီး စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ညင်သာစွာ ပြောင်းလဲတည်ဆောက်ရာမှာ ကျရာတာဝန်ကို အားကြိုးမာန်တက်ထမ်းဆောင်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

ယနေ့လို အသွင်ကူးပြောင်းရေးကာလမှာ အုပ်ချုပ်ရေးရဲ့ အနှစ်သာရဟာ စည်းကမ်းပြည့်ဝပြီး စစ်မှန်တဲ့ ဒီမိုကရေစီစနစ် ကျင့်သုံးရေးအတွက် အလေ့အကျင့်ကောင်းတွေရရှိအောင် ဆောင်ရွက်ရေးဖြစ်။ ဒီမိုကရေစီကျင့်စဉ်ဆိုတာ မင်းမဲ့စရိုက်နဲ့ ပါးလွှာတဲ့ ခြားနားမှုသာရှိတဲ့အတွက် အုပ်ချုပ်ရေးကဏ္ဍက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကျင့်စဉ် ဖြစ်ထွန်းလာအောင် ဖော်ဆောင်ဖို့လိုတဲ့နည်းတူ ပြည်သူတစ်ရပ်လုံးကလည်း စည်းကမ်းကို အလေးအနက်ထားပြီး လိုက်နာကျင့်သုံးကြဖို့ လိုအပ်။ ဒါမှသာ နိုင်ငံတော်ကြီးဟာ အေးချမ်းတည်ငြိမ်စွာနဲ့ ဒီမိုကရေစီစနစ်ကို ခိုင်မြဲစွာ ကျင့်သုံးနိုင်မှာဖြစ်။

အမေရိကန်ရှိ ဆင်းရဲနွမ်းပါးသူများအတွက် ဗင်နီဇွဲလားက ဒေါ်လာ ၁၄၇သန်းဖိုး ရေနံလှူဒါန်း

ဘော့စတွန် ဒီဇင်ဘာ ၁၄

အမေရိကန်ရှိ ဆင်းရဲနွမ်းပါးသူများအတွက် အိမ်သုံးအပူပေးလောင်စာဖြန့်ဖြူးရေး အစီအစဉ်အရ တတိယအကြိမ် လှူဒါန်းပွဲအခမ်းအနားကို ဗင်နီဇွဲလားနိုင်ငံ စွမ်းအင်တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် မက်ဆာချူးဆက်ပြည်နယ်၌ ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်စ်က ဖြည့်ဆည်းပေးသည့် နိုင်ငံပိုင်ကုမ္ပဏီက အပူပေး ရေနံကို ပေါက်ဈေးအောက် ၄၀ ရာခိုင်နှုန်းလျှော့ပြီး အမေရိကန်ပြည်နယ် ၂၃ခုသို့ ဖြန့်ဖြူးမည်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်အတွင်းက ပြည်နယ် ၁၆ ပြည်နယ်သာ ဖြန့်ဖြူးခဲ့ရာမှ တိုးချဲ့ဖြန့်ဖြူးခြင်း ဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံပိုင် စစ်ဂိုပက်ထရိုလီယမ်ကော်ပိုရေးရှင်းက ပေါက်ဈေးအမေရိကန်ဒေါ်လာ ၁၄၇သန်း တန်ဖိုးရှိ အဆိုပါ ရေနံကို လှူဒါန်းခြင်းဖြစ်သည်။

အမေရိကန် ပြည်ထောင်စုတစ်ဝန်း မှန်တိုင်းတိုက်ခတ်လျက်ရှိစဉ် အမေရိကန်ပြည်သူအများစုအနေဖြင့် ယခုနှစ် ဆောင်းရာသီအတွင်း အပူပေးလောင်စာများ ဈေးသက်သာစွာဖြင့် အသုံးပြုနိုင်ရန်အတွက် ဗင်နီဇွဲလားမှ ဖြည့်ဆည်းပေးခြင်း ဖြစ်ရာ ရေနံများကို စတင်ဖြန့်ဖြူးနေပြီဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ပြင် တစ်နေရာ၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံတွင် ဖြစ်ပွားသော ပြည်တွင်းစစ်ဒဏ်ကြောင့် မသန်စွမ်း ဒုက္ခသည်ဘဝ ရောက်ရသည့် ကလေးငယ်တစ်ဦးကို ဆမ်မာရာမြို့၌ ဒီဇင်ဘာ ၁၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပိုလန်တွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး ထပ်မံ တွေ့ရှိ

ဝါဆော ဒီဇင်ဘာ ၁၄

H_5N_1 ကြက်ငှက်တုပ်ကွေး ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးကို ပိုလန်နိုင်ငံတွင် စနေနေ့က တွေ့ရှိခဲ့ပြီးနောက် ယခုတစ်ဖန် ၎င်းနေရာမှ နှစ်ကီလိုမီတာခန့် ဝေးသည့်နေရာရှိ တိရစ္ဆာန်မွေးမြူရေးခြံတွင် ထပ်မံတွေ့ရှိခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီး မာရက်ဆာဝစ်ကီက တနင်္လာနေ့တွင် ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးကို တွေ့ရှိခဲ့ပြီးနောက် အန္တရာယ်ဇုန်ဒေသဟု သတ်မှတ်ထားသည့် နေရာအတွင်း ကြက်ငှက်ကောင်ရေ ၃၆၀၀၀၀ ရှိ တိရစ္ဆာန်မွေးမြူရေးခြံတွင် ယင်းဗိုင်းရပ်စ်ပိုးရှိသည်ကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

သတ်ဖြတ်

ယင်းဖြစ်ရပ်သည် စီးပွားရေး ပြဿနာ မဟုတ်ကြောင်း၊ ကျန်းမာရေး ပြဿနာဖြစ်ကြောင်း မာရက်ဆာဝစ်ကီကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားပြီး ဗိုင်းရပ်စ်ပိုး ကူးစက်မှုကြောင့် သတ်ဖြတ်ခဲ့ရသည့် ကြက်ငှက်များအတွက် လယ်သမားများအနေဖြင့် လျော်ကြေးရမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မျှော်လင့်ထား

ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး ပထမ ဖြစ်ပွားရာနေရာတွင် ကြက်ကောင်ရေ ၁၁၀၀၀၀ ကို တနင်္ဂနွေနေ့က စတင်သုတ်သင်ခဲ့သည်။ နောက်ထပ်နေရာသစ်တွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး တွေ့ရှိမှုကြောင့် တိရစ္ဆာန်များ ထုတ်လုပ်မှု ပိတ်ပင်မည်ဟု မျှော်လင့်ထားကြသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

နျူကလီးယားလက်နက် သယ်ဆောင်နိုင်သောဒုံးကျည် ပါကစ္စတန် စမ်းသပ်ပစ်ခတ်

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၄

ပါကစ္စတန်နိုင်ငံသည် နျူကလီးယားလက်နက် သယ်ဆောင်နိုင်သော ဒုံးကျည်ကို ဒီဇင်ဘာ ၁၁ ရက်က အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

၎င်းဒုံးကျည်သည် ကီလိုမီတာ ၇၀၀ အကွာအဝေးအထိ ပစ်နိုင်စွမ်းရှိကြောင်း၊ ရေဒါအဖမ်းရခက်အောင် နည်းပညာဖြင့် ဖန်တီးထားပြီး Hatf-VIIအမျိုးအစား ဒုံးကျည်ပုံသဏ္ဌာန် ဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။

အဆိုပါ ဒုံးကျည်သည် အနိမ့်ပျံသန်းနိုင်ခြင်း၊ မြေပြင်အနေအထားအရ ကပ်လျက်သွားနိုင်ခြင်း၊ တည်နေရာအတိအကျကို ထိမှန်နိုင်ခြင်းနှင့် ရေဒါရှောင်တိမ်းနိုင်ခြင်း စသည့် စွမ်းရည်များနှင့် ပြည့်စုံသည်။

Babur Hatf-VII အမျိုးအစား ယင်းဒုံးကျည်ကို ၂၀၀၅ ခုနှစ်၌ ပထမဆုံး စမ်းသပ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယား၌ ရေနံယိုဖိတ်မှုရှင်းလင်းရေး ပထမအရစ်အဖြစ် ဝမ်ငွေ ခြောက်ဘီလီယံ အသုံးပြုမည်

ဆိုးလ် ဒီဇင်ဘာ ၁၄

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးကဏ္ဍအတွက် ဖြည့်ဆည်းပေးနေသည့် နေရာဒေသတွင် ရေနံယိုဖိတ်မှု ပေါ်ပေါက်ခဲ့သဖြင့် ထောင်ချီရှိသည့် အလုပ်သမားများက ရေနံအညစ်အကြေးများအား ဖယ်ရှားရှင်းလင်းနေရသည်။ ယင်းကြောင့် တောင်ကိုရီးယားအစိုးရက အဆိုပါရေနံယိုဖိတ်မှု ဖယ်ရှားရန် စရိတ်နှင့် သဘာဝပတ်ဝန်းကျင်၏ အနေအထားတို့အပေါ် တနင်္လာနေ့က ညှိနှိုင်းလျက်ရှိသည်။

ရေနံစိမ်းတင်သင်္ဘောနှင့် ရေနံတင် ဝမ်းပြားသင်္ဘောတို့ သောကြာနေ့က တိုက်မိပြီး ရေနံစိမ်းသင်္ဘောမှ ရေနံသည် တီယန်ကမ်းခြေတစ်လျှောက် ကီလို မီတာ ၄၀ ခန့်အထိ ယိုဖိတ်ပျံ့နှံ့ခဲ့သည်။

ယင်းဒေသသည် တီယန်အဏ္ဏဝါ ထိန်းသိမ်းရေးစခန်းတည်ရှိရာဒေသဖြစ်ပြီး ရေနေတိရစ္ဆာန်နှင့် ခရုများရှိကာ သဲထူထူဖြင့် ပြည်ပခရီးသည်များအား ဆွဲဆောင်သည့် ကမ်းခြေရှိသဖြင့် နာမည်ကျော်ကြားသည့်ဒေသဖြစ်သည်။

အစိုးရက ယင်းဒေသတစ်ဝိုက် (တီယန်ဒေသ)ကို အထူးအန္တရာယ် ကျရောက်နေသောဒေသအဖြစ် ကြေညာထားပြီး ရေနံအညစ်အကြေး ရှင်းလင်းရေးအတွက် ပထမအရစ်အဖြစ် ဝမ်ငွေ ခြောက်ဘီလီယံ (ဒေါ်လာ ၆ ဒသမ ၅ သန်း) အသုံးပြုမည်ဟု ပြည်ထဲရေးဝန်ကြီး ပတ်မြောင်ဂျေက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

စင်ကာပူနိုင်ငံ တိရစ္ဆာန်ရုံ၌ ခြေထောက်ဒဏ်ရာရနေသော ဆင်တစ်ကောင်အား ဆေးဝန်ထမ်းများက ကုသပေးနေသည်ကို ဒီဇင်ဘာ ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် အမေရိကန်စစ်စခန်း အမြဲတမ်းထားရန် ခွင့်မပြု

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၄

အီရတ်နိုင်ငံ မြေပေါ်တွင် စစ်အခြေစိုက်စခန်းများ အမြဲတမ်းထားရှိရန် အီရတ်နိုင်ငံက အမေရိကန်အား ခွင့်ပြုမည်မဟုတ်ကြောင်း အစိုးရလုံခြုံရေး အကြံပေးက ပြောကြားသည်။

အကြမ်းဖက်မှုကို တိုက်ဖျက်ရန်၊ နယ်စပ်ဒေသ စောင့်ကြပ်ရန်၊ စီးပွားရေး၊ သံတမန်ရေးရာနှင့် နိုင်ငံရေးတို့အတွက် အမေရိကန်၏ အထောက်အပံ့ လိုအပ်သော်လည်း အီရတ်မြေပေါ်တွင် မည်သည့်နိုင်ငံခြားတပ်ဖွဲ့၏ အမြဲတမ်းစစ်စခန်းကိုမျှ လက်မခံနိုင်ကြောင်း မိုဝက်ဖက်အယ်လ်ရူဘိုင်အီက ပြောကြားသည်။

အီရတ်စစ်ပွဲဖြစ်ပွားပြီးနောက် အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၆၀၀၀၀ ခန့်ရှိသည်။ ၂၀၀၈ခုနှစ်ကုန်ဆုံးချိန်အထိ အမေရိကန်တပ်ဖွဲ့များကို တစ်နှစ်ထပ်မံ ချထားခွင့်ပြုရန်၊ သို့သော် ထိုထက်ပို၍ နေထိုင်ခွင့်မပြုရန် ကုလသမဂ္ဂတွင် တရားဝင်တောင်းဆိုမည်ဖြစ်ကြောင်း အီရတ်နိုင်ငံက ပြောကြားသည်။ အမေရိကန်နှင့်အီရတ်တို့ကာလရှည်ကြာစွာ မိတ်ဆွေများအဖြစ် ဆက်ဆံသွားရေး သဘောတူစာချုပ်ကို သမ္မတဂျော့ဂျ် ဒဗလျူဘုရှ်နှင့် အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီတို့သည် နိုဝင်ဘာလက လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့အပြင် အမေရိကန်တပ်များ ဆက်လက်ထားရှိရေးကိစ္စနှင့် ပတ်သက်၍လည်း ၂၀၀၈ခုနှစ်အစောပိုင်း၌ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အင်တာနက် ထူးခြားသတင်းများ

ဂျကာတာတွင် ပုဂ္ဂလိကကားများ သွားလာခွင့်ကန့်သတ်မည်

ဂျကာတာ ဒီဇင်ဘာ ၁၄

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ် တည်ဆောက်ပြီးစီးချိန်တွင် မြို့တွင်း၌ ပုဂ္ဂလိကကားများ သွားလာခွင့်ကို ကန့်သတ်သွားမည်ဖြစ်ကြောင်း မြို့တော်ဝန် ဖော်ဇီဘိုဝိုက ဒီဇင်ဘာ ၁၃ရက်တွင် ပြောကြားသည်။

ဂျကာတာမြို့လယ် ယာဉ်အသွားအလာမြင်ကွင်းကို တွေ့ရစဉ်။

မြို့တော်ဂျကာတာ၌ မြေအောက်ရထားလမ်း၊ တစ်လမ်းသွားရထားလမ်းနှင့် မြို့တွင်းသွား ဘတ်စ်လိုင်းများပါဝင်သော အများသုံး သယ်ယူပို့ဆောင်ရေးစနစ်ကို မြို့တော် အုပ်ချုပ်ရေးအဖွဲ့က တည်ထောင်လျက် ရှိသည်။

ထိုစနစ် တည်ထောင်ပြီးစီးချိန်တွင် မြို့တွင်း၌ ပုဂ္ဂလိကကားများ သွားလာခွင့်ကို ကန့်သတ်သွားမည်ဟု မြို့တော်ဝန် ဘိုဝိုက ပြောကြားသည်။

ယခုအခါ ဂျကာတာမြို့ နယ်နိမိတ်အတွင်း၌ ယာဉ်အမျိုးမျိုးစီးရေသည် ၅ဒသမ ၇သန်းခန့် ရှိသည်။ နေ့စဉ်နေ့တိုင်း မြို့တော်ဒေသတွင် ပျမ်းမျှအားဖြင့် ယာဉ်အစီးပေါင်း ၁၀၂၇စီးခန့် တိုးလာလျက်ရှိသည်။ ထိုယာဉ်များတွင် ကား ၂၃၆စီးနှင့် မော်တော်ဆိုင်ကယ် ၈၄၁စီး ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေနံချောင်းမြို့ အမှတ်(၁) အထကတွင် ဆရာတော် အရှင်ဆန္ဒာဓိက မတည်လှူဒါန်းသော ရွှေပါရမီကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့မှ ကွယ်လွန်သူ ဦးမြစိန်အား ရည်စူး၍ ဒေါ်ခင်စောတင့်က ငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ကပ္ပတိန် ဦးငွေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အဘိဓမ္မာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်း အင်းစိန်မြို့ ရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ မဟာနာယက ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်ကြီး၏ အဘိဓမ္မာအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဂုဏ်ပြုပူဇော်ပွဲကို (၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်) ဒီဇင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဓမ္မသဘင်အစီအစဉ်အဖြစ် ဒီဇင်ဘာ ၂၅ ရက်ညတွင် ဘဒ္ဒန္တ ဂုဏိန္ဒ(ဆင်ဖြူတောင်ဆရာတော်)၊ ဒီဇင်ဘာ၂၆ ရက်ညတွင် ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည်)၊ ဒီဇင်ဘာ ၂၇ ရက်ညတွင် တွံတေးအရှင်ဣန္ဒက (သီရိမင်္ဂလာမဟာစည်ဆရာတော်)၊ ဒီဇင်ဘာ ၂၈ ရက်ညတွင် ဘဒ္ဒန္တတေဇဝန္တ (သာယာကုန်းဆရာတော်)၊ ဒီဇင်ဘာ ၂၉ ရက်ညတွင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)တို့က အကြိုတရားသဘင် ဆင်ယင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရှားပါးနှင်းကျားသစ် တရုတ်နိုင်ငံတွင်ဖမ်းမိ

ဗီနင် ဒီဇင်ဘာ ၁၄

သိုးအကောင် ၅၀ကို သတ်ဖြတ်ခဲ့သော တောရိုင်းနှင်းကျားသစ်တစ်ကောင်ကို ဖမ်းဆီးနိုင်ခဲ့ပြီး ယခုအခါ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျင်ဟိုင်းပြည်နယ် တိရစ္ဆာန်ရုံအတွင်း၌ ပြသထားသည်။

ထိုနှင်းကျားသစ်သည် ဂေါင်ဟီးခရိုင် ကီဂျီအာကျေးရွာနေ ရွာသားများ မွေးမြူထားသော သိုးများကို ဖမ်းဆီးစားသောက်သည့်အတွက် ရွာသားများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြခြင်းဖြစ်သည်။

ရွာသားများသည် မော်တော်ဆိုင်ကယ်များဖြင့် ကျော့ကွင်းများ အသုံးပြုကာ ကျားသစ်ကိုဖမ်းဆီးလိုက်ကြသည်။ ထိုကျားသစ်မျိုးမှာ ဘေးမဲ့ပေးကာ ထိန်းသိမ်းရမည့် တိရစ္ဆာန်မျိုးဖြစ်ကြောင်း ရွာသားများသိရှိကြသောကြောင့် မသတ်ဖြတ်တော့ဘဲ ဗီနင်တိရစ္ဆာန်ရုံသို့ လှူဒါန်းခဲ့ကြသည်ဟု တိရစ္ဆာန်ရုံမှူး ဇင်ရှုရန်က ပြောကြားသည်။

နှင်းကျားသစ်တစ်ကောင်ကို တိရစ္ဆာန်ရုံအတွင်း၌ တွေ့မြင်ရစဉ်။

သဘာဝတောရိုင်းအတွင်း နှင်းကျားသစ်ပေါင်း ၅၀၀၀မှ ၇၅၀၀မျှ ရှိနေမည်ဟု ခန့်မှန်းထားသည်။ အထူးသဖြင့် အာရှတိရစ္ဆာန်ရုံများ၌ နှင်းကျားသစ်ပေါင်း ၅၀၀ခန့် အသက်ရှင်လျက်ရှိကြောင်း ခန့်မှန်းထားသည်။ ကျင်ဟိုင်းပြည်နယ်တွင် ထိုကျားသစ် မျိုးကောင်ရေ ၅၀၀မှ ၁၂၀၀အထိ ရှိနိုင်ကြောင်း ခန့်မှန်းသည်ဟု ဇင်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

သဘာဝဘေးအန္တရာယ်ကြောင့်သေဆုံးမှု ၂၀၀၆ခုနှစ်တွင် ကျဆင်းလာ

ဂျီနီဗာ ဒီဇင်ဘာ ၁၄

သဘာဝ ဘေးအန္တရာယ်ကြောင့် သေဆုံးရသူ ဦးရေသည် ၂၀၀၆ ခုနှစ်တွင် ၂၃၈၃၃ရှိရာ ပြီးခဲ့သောနှစ်နှင့် နှိုင်းစာလျှင် ၇၅ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဒီဇင်ဘာ ၁၃ ရက်က ထုတ်ပြန်သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

သဘာဝဘေးအန္တရာယ်နှင့် နည်းပညာဆိုင်ရာ အပိုင်းများ အားနည်းမှုနှစ်ရပ်ကြောင့် ဖြစ်ရသော သေဆုံးမှု အစုစုသည် ၂၀၀၆ခုနှစ် တွင် ၃၃၇၃၃ ဦး ရှိသည်ကို တွေ့ရသည်။ ထိုအသေအပျောက်စာရင်းသည် ၁၉၉၇ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ၁၀နှစ်တာကာလ အတွင်း အနည်းဆုံးပင် ဖြစ်ကြောင်း ကမ္ဘာ့ဘေးအန္တရာယ် အစီရင်ခံစာတွင် ရေးသားထားသည်။

ကမ္ဘာတစ်ဝန်းတွင် ၂၀၀၆ခုနှစ်က သဘာဝဘေးအန္တရာယ်ပေါင်း ၄၂၇မျိုး ကျရောက်ခဲ့သည်။ ထိုဘေးအန္တရာယ်များကြောင့် ဒုက္ခတွေ့ရသူဦးရေသည် ဆယ်စုနှစ်အတွင်း ပျမ်းမျှဒုက္ခတွေ့ရသူ ဦးရေနှင့် နှိုင်းယှဉ်လျှင် ၅၀ ရာခိုင်နှုန်းမျှ လျော့ကျသွားသည်ကို တွေ့ရသည်ဟု ဆိုသည်။

၅၇၇၈ဦး အသက်ဆုံးရှုံး

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျ် ဂျကာတာဒေသတွင် ၂၀၀၆ခုနှစ် မေ ၂၇ရက်က လှုပ်ခဲ့သော ငလျင်ကြောင့် ၅၇၇၈ဦး အသက်ဆုံးရှုံးခဲ့ရာ ယင်း ငလျင်သည် ၂၀၀၆ခုနှစ်တွင် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ပင် ဖြစ်သည်။

သဘာဝ ဘေးအန္တရာယ်ကြောင့် ၂၀၀၆ခုနှစ်အတွင်း ဆုံးရှုံးရသော ပစ္စည်းဥစ္စာတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၄.၅ ဘီလီယံဖိုးရှိရာ ဆယ်စုနှစ် ပျမ်းမျှ ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၇ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ထက်ဝက်အောက်ပင် လျော့နည်းနေသည်ကို တွေ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ (၆) အမှတ်(၁၄)ထွက်ပြီ

ရန်ကုန် ဒီဇင်ဘာ ၁၄

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆) အမှတ်(၁၄)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဒေါက်တာ ခင်မောင်ညို၏ပြင်ဆင်ထားဖို့လို၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ အိန္ဒိယနိုင်ငံ၏ စွမ်းအင်တိုးချဲ့ဆောင်ရွက်မှုများ၊ ကျော်ငွေး (ဘီအေစီ)၏ အသက်ကြီးဆုံးဘွားဘွား BLOGGER၊ ညွှန့်ဟန်(ကြူတော)၏ ရှေးဟောင်းနှောင်းဖြစ် ဇာတိသွေး တေးကဗျာ စသည့် ဆောင်းပါးများ ပါဝင်သည်။

ထို့ပြင် ဗီယက်နမ်နှင့် လာအို ခေါင်းဆောင်များက မြန်မာနိုင်ငံကို စာနာထောက်ထား၊ မူဝါဒလမ်းစဉ် (၇)ရပ်ကို အပြည့်အဝထောက်ခံ၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံက မှန်ကန်သော မူဝါဒများဖြင့် ဆက်လက်ရပ်တည်သွားမည်။ တောင်-မြောက်ကိုရီးယားဝန်ကြီးချုပ်များ၏ ဆွေးနွေးပွဲတွင် သဘောတူညီချက်များစွာရရှိ၊ ပုဂံရွှေနန်းတော်ကြီး အမြန်ပြီးစီးရေးကြိုးပမ်း၊ မြန်မာ့ ကျောက်မျက်ရတနာအရောင်း အောင်မြင်တိုးတက်၊ စပါးတင်းသန်း ၂၀၀ ထွက်ရှိရေး ကြိုးပမ်း၊ လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများ နှစ်စဉ်ဆက်တိုက်ပြီးစီးရန် အချိန်ပြည့် ကြိုးပမ်းလျက်ရှိ စသည့် ပြည်တွင်း၊ ပြည်ပသတင်း စုံစုံလင်လင် ဓာတ်ပုံ ဝေဝေဆာဆာ ပါရှိကြောင်း သိရသည်။

ရွှေနိုင်ငံဂျာနယ် ဝယ်ယူနိုင်သည့် ဆိုင်များမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ၂၉လမ်း ဆင်တောင်ကြီးစာပေ၊ လမ်း ၃၀ အမှတ်-၂၁၄ တင်စိုးစာပေ၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းစာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ကြပြီး အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ ရွှေနိုင်ငံဂျာနယ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ခရမ်းမြို့နယ်သူ၊ မြို့နယ်သားများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ခရမ်းမြို့နယ်အသင်း (ရန်ကုန်)က ဦးစီးကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

သို့ဖြစ်၍ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် အစိုးရ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးတစ်ဘာသာနှင့်အထက် အောင်မြင်ခဲ့ကြသော ခရမ်းမြို့နယ်အတွင်းနှင့် ရန်ကုန်ရောက် ခရမ်းမြို့နယ်သူ၊ မြို့နယ်သားများ၏ သားသမီးများသည် မိမိတို့အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ဘာသာများကို အထောက်အထားဖြင့်ဖော်ပြ၍ ဒီဇင်ဘာ ၁၅ ရက် နောက်ဆုံးထားပြီး ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ရုံးဖုန်း-၀၁-၅၄၉၃၃၉၊ ဦးအေးလွင် (အတွင်းရေးမှူး) ဖုန်း-၀၁-၅၀၃၃၉၄၊ ဦးမြင့်လှိုင်(ခရမ်း) ဒုတိယဥက္ကဋ္ဌ(၃) ဖုန်း-၀၁-၃၉၀၄၁၄ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြပါရန် ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ပညာရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

မြန်နန္ဒာ ဆွမ်းလောင်းဓမ္မာရုံ အထူးတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

လှိုင်မြို့နယ် အမှတ်(၁၄)ရပ်ကွက် မြန်နန္ဒာသံဃဒါနဆွမ်းလောင်းဓမ္မာရုံ၌ ဆွမ်းအောင်ပွဲ အထိမ်းအမှတ် ဒုတိယအကြိမ် ဓမ္မဒါန အထူးတရားပွဲ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၀ရက် (ကြာသပတေး)နေ့ ညနေ ၆နာရီတွင် ဘဒ္ဒန္တနရပတိ (ဖြူးဆရာတော်)၊ ဒီဇင်ဘာ ၂၁ရက် (သောကြာနေ့)ည ၇နာရီတွင် ဖြူးအရှင်ကောဏ္ဍည၊ ဒီဇင် ဘာ ၂၂ရက် (စနေနေ့) ည ၇နာရီတွင် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ(ကျိုက်ထို ဆရာတော်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။ (က-ပ)

နေပြည်တော် ပျဉ်းမနား အထက(၂)တွင် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၄

နေပြည်တော်ပျဉ်းမနား အထက(၂)တွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ မြတ်ဆရာပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၃ရက်(တနင်္ဂနွေနေ့) အထက်ပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် လှူဒါန်းလိုပါက ဦးတင်ဆန်း ဒါရိုက်တာ (Kyaw Wynn & Co., Ltd) ဖုန်း-၀၁-၂၄၅၈၇၅၊ ဦးသိန်းလွင် (မင်္ဂလာ ရယကဥက္ကဋ္ဌ) ဖုန်း-၀၆၇-၂၂၀၄၉၊ ဦးကျော်ဝင်း (ဘာဏုရာဇာ) ဖုန်း-၀၆၇-၂၁၁၀၆၊ ဦးမြင့်ထွန်း (မြေစာရင်း) ဖုန်း-၀၆၇-၂၂၄၂၆၊ ဒေါ်မြင့်မြင့်ကြည် (ကောင်းလိုက်ရွှေဆိုင်) ဖုန်း-၀၆၇-၂၁၆၂၇၊ ၂၃၃၂၄၊ ဦးကြည်ဝေ (ဒေါ်ကြင်ဗှာပွဲရုံ) ဖုန်း-၀၆၇-၂၁၆၅၄၊ ဦးတင်အောင်လှ (စပယ်ဖြူစတိုး) ဖုန်း-၀၆၇-၂၂၄၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကြို့ကုန်းအနောက်ရပ်ကွက် မိုးကုတ်တရားစခန်း

ရန်ကုန် ဒီဇင်ဘာ ၁၄

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသယအတိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအနောက် ပေါ်တော်မူကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၁၃၃) တွင် သာသနာပြု နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဣန္ဒာစရိယ (ဓမ္မာစရိယ)နှင့် အရှင် ဓမ္မိကာရ (M.A) တို့သည် ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ စခန်းဝင်ယောဂီများအား ပဋိစ္စသမုပ္ပါဒ် တရားများကို ဟောကြားချီးမြှင့်မည် ဖြစ်သည်။

လာရောက်

တရားစခန်းဝင်မည့် ယောဂီများသည် ဝေယျာဝစ္စအလှူငွေ ကျပ် ၃၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက် ခဝဲခြံ(၂)လမ်း မိုးကုတ်အဖွဲ့ခွဲ (၁၃၃)၊ ပေါ်တော်မူ ကျောင်းတိုက်သို့ ဒီဇင်ဘာ ၂၂ ရက် ညနေ ၅ နာရီခွဲအရောက် မိမိတို့၏ အသုံးအဆောင်ပစ္စည်းများနှင့်အတူ လာရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပြင်ဦးလွင်မြို့ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (၁)နှစ်မြောက်နှစ်ပတ်လည်နေ့၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၆)နှစ်မြောက်နှစ်ပတ်လည်နေ့၊ ဒုတိယအကြိမ်မြောက် ပန်းပွဲတော်နှင့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့် သစ်ခွဥယျာဉ်ဖွင့်ပွဲများကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (၁)နှစ်မြောက် နှစ်ပတ်လည်နေ့၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်၊ ဒုတိယအကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲနှင့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့် သစ်ခွဥယျာဉ်ဖွင့်ပွဲ အခမ်းအနားများကို ယနေ့တွင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(၁)နှစ်မြောက်နှစ်ပတ်လည်နေ့ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့်အတူ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် အတွင်း လှည့်လည်ကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ဆက်လက်ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့်အတူ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယအကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့်အတူ ပန်းပွဲတော်ကို လှည့်လည်ကြည့်ရှုကြသည်။

ယခုနှစ် ဒုတိယအကြိမ်မြောက် ပန်းပွဲတော်တွင် ပြည်တွင်းပန်းမျိုးပေါင်း ၁၅ မျိုး၊ နိုင်ငံခြား မျိုးပေါင်း ၆၅ မျိုး၊ ပန်းပွင့်အရေအတွက် ငါးသန်းကျော်ဖြင့် ခင်းကျင်းပြသထားသည်။ အဆိုပါပန်းပွဲတော်တွင် ဂျာမနီနိုင်ငံမှ ကျူးလစ်၊ လီလီ စသည့် ပန်း ၂၀၀၀၀ ခန့်တို့ကိုလည်း ထည့်သွင်းပြသထားသည်။

ထို့နောက် နိုင်ငံတကာအဆင့်မီ အဆင့်မြင့် သစ်ခွဥယျာဉ်ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့်အတူ အဆင့်မြင့် သစ်ခွဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ကြိုးပမ်းဆောင်ရွက်ခဲ့

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုတစ်ရပ်ဖြစ်သည့် ၎င်းအဆင့်မြင့် သစ်ခွဥယျာဉ်ကြီးသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံး နိုင်ငံတကာအဆင့်မီ သစ်ခွဥယျာဉ်ကြီးဖြစ်ပြီး နိုင်ငံတကာအဆင့် ခေတ်မီသစ်ခွဥယျာဉ် တည်ထောင်နိုင်ရေးအတွက် ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယင်းအဆင့်မြင့် သစ်ခွဥယျာဉ်ကြီးသည် အမျိုးသားကန်တော်ကြီးဥယျာဉ် အတွင်း တည်ရှိပြီး မြေအကျယ်အဝန်း ငါးဧကခန့်တွင် မြန်မာနိုင်ငံ၌ သဘာဝအတိုင်း ပေါက်ရောက်လျက်ရှိသော သစ်ခွမျိုးစိတ် ၃၀၄ မျိုး၊ အပင်ပေါင်း ၃၅၁၅ ပင်နှင့် နိုင်ငံခြားသစ်ခွမျိုးစုံ ၂၈၅၁၈ ပင်တို့ကို ထည့်သွင်းပြသထားသည်။

ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ အဆင့်မြင့် သစ်ခွဥယျာဉ်ကြီးတည်ထောင်ခြင်းဖြင့် ဥယျာဉ်သို့ လာရောက်အပန်းဖြေ အနားယူကြသည့် ပြည်သူများအတွက် စိတ်ကြည်နူးချမ်းမြေ့ကြမည်ဖြစ်သကဲ့သို့ ဗဟုသုတလည်း ရရှိကြမည့်အပြင် ဝါသနာရှင်၊ ပညာရှင်များအတွက်လည်း တစ်နေရာတည်းတွင် သစ်ခွမျိုးစုံကို လေ့လာနိုင်ခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ အဆင့်မီ မျိုးပွားနည်းပညာဖြင့် မျိုးပွားခြင်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။

ယနေ့ကျင်းပသည့် အခမ်းအနားများသို့ ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြပြီး ပျော်ရွှင်ပွဲများအနေဖြင့် အမျိုးသားကန်တော်ကြီးဥယျာဉ် အတွင်းရှိ နန်းမြင့်မျှော်စင်အနီးတွင် နိုင်ငံကျော် အဆိုတော်များ ပါဝင်သည့် ဖျော်ဖြေရေးအစီအစဉ်နှင့် ခေတ်ပေါ်စင်တင်တေးဂီတ ဖျော်ဖြေပွဲများကို ယနေ့မှ ဒီဇင်ဘာ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင် စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၇) ဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၇)ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲသို့ ဒုတိယ စာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသား သင်တန်းသူ ၇၆ ဦးတို့ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကာလမှာ နှစ်လခန့် ကြာမြင့်ခဲ့သည်။

သင်တန်းများတွင် အစိုးရ အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများကိုလည်း နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၂-၂၀၀၇ (စနေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	“ဘဝစစ်တမ်းတရားတော်”တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၈:၀၀-၂:၀၀	Activities In The City
၈:၁၅-၂:၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၅-၂:၄၅	အသီးများ၏ဒိုင်ယာရီ(အပိုင်း-၂) [ဒေါက်တာအေးကျော်(ဇီဝကမ္မဗေဒ)]
၉:၀၅-၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅-၃:၁၅	Cartoon Show Time (CARS)
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	ဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှုပန်းပုပညာ
၁၀:၀၅-၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅-၄:၁၅	ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ
၁၀:၃၅-၄:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅-၄:၄၅	မြေလတ်ဒေသ၏လက်ဆောင်
၁၀:၅၀-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၁:၁၀-၅:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၅-၅:၁၅	**အသက်ကလေးရယ်တဲ့ရှည်စေလို (ဦးအောင်လွင်၊ဦးကြည်စိုး၊ငှက်ပျောကြော်၊ထင်ပေါ်၊ မေထွဋ်ခေါင်၊မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)**
၁၁:၃၀-၅:၃၀	သွားမယ် စားမယ် (Furusato Japanese Restaurant)
၁၁:၄၅-၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀	ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
၁၂:၀၀-၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅-၆:၀၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (မွေးမြူရေးဆေးဝါးထုတ်လုပ်ရေးစက်ရုံ)
၁၂:၂၀-၆:၂၀	ထိမ်းမြားလက်ထပ်ပြီးစီးခြင်း (ဒေါက်တာဟန်ထူးလွင်နှင့် မစုလှဲ့ဝင်း)
၁၂:၃၅-၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀	ကောင်းကင်သစ်ရဲ့အနီး ပုံ့ပိုးဖန်တီးနည်းပညာခရီး
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	WestHam-Everton	ESPN(Live)
	Portsmouth-Tottenham	Star Sports (Live)
၁၁:၄၀	Fulham-Newcastle	Star Sports (Live)
၁၂:၀၀	Man City-Bolton	ESPN(SDD)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Lazio-Juventus	5-Cartoons(Live)

စင်ကာပူသံရုံးရှေ့တွင် ရပ်ထားသည့် ကားပေါ်မှ ပစ္စည်းများ ပျောက်ဆုံး၍ အမှုဖွင့် စုံစမ်းနေ

ရန်ကုန် ဒီဇင်ဘာ ၁၄

ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် ဓမ္မစေတီလမ်းရှိ စင်ကာပူသမ္မတနိုင်ငံ သံရုံးသို့ ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲခန့်က ဦးကျော်ဝင်းမြင့်(၃၅)နှစ် (ဘ)ဦးတင်ဝင်း၊ မဟာဗန္ဓုလလမ်း (၁)ရပ်ကွက် ပန်းဘဲတန်းမြို့နယ်သည် ဗီဇာလျှောက်ထားရန်အတွက် ကိုယ်ပိုင် တိုယိုတာကိုရိုလာဗင် အဖြူရောင်ယာဉ်ဖြင့် ရောက်ရှိလာပြီး ကားတံခါးများသော့ပိတ်၍ သံရုံးထဲသို့ ဝင်ရောက်ခဲ့သည်။ မွန်းလွဲ ၁၂နာရီ ၁၅မိနစ်ခန့်တွင် ဗီဇာလုပ်ငန်းများပြီးစီး၍ ကားရပ်ထားသောနေရာသို့ ပြန်လာခဲ့ရာ ကားတံခါးသော့များ ပျက်စီးခြင်းမရှိဘဲ ကားတံခါးများ ပွင့်နေပြီး ကားနောက်ထိုင်ခုံပေါ်မှ Compaq Laptop တစ်လုံး၊ ကိုယ်ထည်အမှတ် S/M 2 CE 7102 LZ9 ပါ အနက်ရောင် လက်ဆွဲအိတ်တစ်လုံး၊ ငွေကျပ် ၂၀၀၀၀၀၊ စာရွက်စာတမ်းများ စုစုပေါင်းတန်ဖိုး ကျပ် ၁၁၀၅၀၀၀ ခန့် ပျောက်ဆုံးနေသည်ကို တွေ့ရှိရ၍ ဗဟန်းရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။ ရဲစခန်းက (ပ)သတင်းချက်အမှတ် ၆၁၅/၂၀၀၇၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့် စုံစမ်းလျက်ရှိကြောင်းသိရသည်။ (သတင်းစဉ်)

တရားမဝင် လောင်စာဆီများ ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၁၄

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် မြယာကုန်းလမ်းနှင့် ၁၂၆ လမ်းထောင့်တွင် တရားမဝင် စက်သုံးဆီများ ရောင်းချနေကြောင်း သတင်းအရ ဒီဇင်ဘာ ၁၃ ရက် ညနေ ၅နာရီခန့်တွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင်စက်သုံးဆီများ ရောင်းချနေသူ သက်မြင့်(ခ)ဂန်ဗား (၂၈)နှစ် (ဘ)ဦးဘလာကျူး အောင်သစ္စာလမ်း ရှုခင်းသာရပ်ကွက် သာကေတမြို့နယ်၊ ကျော်ကျော်ဦး(ခ)စတင်ဂျေဗီ(၂၀)နှစ်(ဘ)ဦးရာဂျန် သန်လျင်မြို့၊ စောသီဟရွှေ(ခ)သီဟ (၂၀)နှစ် (ဘ)ဦးတင်ရွှေ မြောက်ဥက္ကလာပမြို့နယ်ထံမှ ဒီဇယ်ဆီ ၂၅ ဂါလန်၊ ဓာတ်ဆီ ၃၄ ဂါလန်၊ ငွေကျပ် ၅၄၄၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေ ၅နာရီခွဲခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် သိမ်ဖြူလမ်းမဘေးတွင် သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင် စက်သုံးဆီရောင်းချနေသူ ကိုဘု(ခ)ဘုရှည် (၂၄)နှစ် (ဘ)ဦးအေးထွန်း (၈၈)လမ်း ကန်တော်ကလေး အနောက်ပိုင်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ထွန်းထွန်းဝင်း (၂၅)နှစ် (ဘ)ဦးမောင်မောင်(လိပ်စာတူ)၊ သန်းထွန်း (၂၃)နှစ် (ဘ)ဦးထွန်းကျော် (လိပ်စာတူ)တို့ သုံးဦးထံမှ ဒီဇယ်ဆီ ၄၅ ဂါလန်၊ ဓာတ်ဆီ ၄၅ ဂါလန်နှင့် ငွေကျပ် ၁၇၆၄၀၀ သိမ်းဆည်းရမိခဲ့သည်။ သက်မြင့်နှင့် အပေါင်းပါ သုံးဦးအား မင်္ဂလာတောင်ညွန့်ရဲစခန်းက (ပ)သတင်းချက်အမှတ် ၁၀၂၉/၂၀၀၇၊ ကိုဘုနှင့် အပေါင်းပါသုံးဦးအား (ပ)သတင်းချက်အမှတ် ၁၀၃၀/၂၀၀၇ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈(၁)အရ အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (သတင်းစဉ်)

အရှေ့တောင်အာရှ အမျိုးသားဘောလုံးပြိုင်ပွဲ ထိုင်းအသင်းက မြန်မာကိုအနိုင်ရပြီးဗိုလ်ခွဲ

သတင်း-စိုးညွန့် (ကြေးမုံ)
ခေတ္တ(ခိုရတ်)

ခိုရတ်(ထိုင်း) ဒီဇင်ဘာ ၁၄

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားယူ-၂၃ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေ ၆နာရီတွင် ထိုင်းနိုင်ငံ နာခွန်ရတ်ချာစမာ (ခိုရတ်)မြို့၌ ကျင်းပရာ အိမ်ရှင်ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထိုင်းအသင်း-နှစ်ဂိုး
မြန်မာအသင်း-ဂိုးမရှိ

အိမ်ရှင်ထိုင်းအသင်းသည် မြန်မာအသင်းကို အနိုင်ယူကာ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆု ကို ရှစ်ကြိမ်မြောက် ဆက်တိုက်ဆွတ်ခူးရရှိသွားသည်။ (၁၄)နှစ်အကြာမှ ဗိုလ်လုပွဲသို့ တစ်ကျော့ပြန် ပြန်လည်ရောက်ရှိလာသည့် မြန်မာအသင်းမှာ ၁၉၉၃ ခုနှစ် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထိုင်းအသင်းကို ရှုံးခဲ့ပြီး ယခုဗိုလ်လုပွဲတွင်လည်း ထိုင်းအသင်း ကို ထပ်မံရှုံးနိမ့်ကာ ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။

မြန်မာအသင်းမှာ နှစ်ပေါင်း(၃၀)ကျော်ကြာ ဝေးကွာနေသည့် ရွှေဆုကို ပြန်လည်ရရှိရေး ကြိုးစားသလို ထိုင်းအသင်းကလည်း ရှစ်ကြိမ်ဆက် တိုက် ဗိုလ်စွဲရေးအတွက် အားထည့်ကစားရာ အစပိုင်းတွင်ပွဲမှာ အပြန်အလှန် ရှိခဲ့သည်။ ၁၂မိနစ်တွင် စည်သူသန်းပေးသော ဘောလုံးကို ပိုင်စိုး အပိုင်ကန်ခွင့် ရရှိသော်လည်း လွဲချော်သွား၍ မြန်မာအသင်း သေချာပေါက်ဂိုးတစ်ဂိုး နစ်နာ ဆုံးရှုံးခဲ့ရသည်။

ထို့နောက်ပိုင်းတွင် ထိုင်းအသင်းက ပိုမိုဖိကစားလာနိုင်ပြီး ၁၅မိနစ်တွင် တိုက်စစ်မှူး ဆန်ဆာနိုက မြန်မာနောက်တန်း လူကျွံဖမ်းကစားမှုကို ကျော်ဖြတ်ကာ ဖွဲ့ဆော်ဦးဂိုး သွင်းယူသွားသည်။ ဂိုးရပြီး နောက်ပိုင်းတွင်လည်း ထိုင်းအသင်း ကသာ ကစားကွက်အသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ထိုင်းအသင်းက တစ်ဦးချင်း ထိုးဖောက်မှုများအပြင် တွဲလုံးများဖြင့် တိုက်စစ်ဆင်ကစားခဲ့ သည်။ ထိုင်းအသင်း အတွက် ဒုတိယဂိုးကို ၃၈မိနစ်တွင် ဝီနိုထိုင်းက ခေါင်းတိုက်သွင်းယူခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရှိနိုင်မည့် အခွင့်အရေး ရရှိခဲ့သော်လည်း စည်သူဝင်း ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်ခဲ့၍ ပထမပိုင်း၌ပင် ထိုင်းကနှစ်ဂိုး ပြတ်ဖြင့် အနိုင်ရနေသည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းမှာ လူစားလဲမှုများပြုလုပ်၍ တိုက်စစ်အား မြှင့်တင်သော်လည်း လူစားလဲပုံမှားယွင်းမှုကြောင့် တိုက်စစ်မှာ ထင်သလောက် မထိရောက်ခဲ့ပေ။ ထိုင်းအသင်းမှာ ဂိုးပြန်မပေးရရေးအတွက် ခံစစ်ကို ဦးစား ပေးကစားခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ ထိုင်းအသင်းက ဂိုးထပ်ရနိုင်သည့် အခွင့်အရေးလေးကြိမ်ခန့် ထပ်မံရရှိသော်လည်း ဂိုးမရခဲ့ပေ။ ထို့အတူ မြန်မာအသင်းမှ ၈၃မိနစ်တွင် မျိုးမင်းထွန်းပေးသော ဘောလုံးကို စည်သူသန်း အပိုင်ပိတ်ခွင့်ရရှိသော်လည်း လွဲချော်သွား၍ ပွဲအပြီးတွင် အိမ်ရှင်ထိုင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအသင်းတွင် ဂိုး-ကျော်ဇင်ထက်၊ နောက်တန်း-နေဝင်း၊ ဇော်ထက်အောင်၊ မိုးဝင်း၊ စိုးလင်းထွန်း၊ အလယ်တန်း-အောင်မျိုးသန့်၊ စိုးသီဟအောင် (အောင်မြင့်အေး)၊ ပိုင်စိုး(မျိုးမင်းထွန်း)၊ ရာဇာဝင်းသိန်း၊ ရှေ့တန်း-စည်သူသန်းနှင့် စည်သူဝင်း (ထွန်းထွန်း ဝင်း)တို့ ပါဝင်ကစားသွားကြသည်။

ညနေ ၃နာရီက ယှဉ်ပြိုင်ကစားသော တတိယနေရာလုပွဲတွင် စင်ကာပူအသင်းက ဗီယက်နမ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ တတိယကြေးတံဆိပ် ဆွတ်ခူးရရှိသွားသည်။ (ကြေးမုံ)

ထိုင်းရှေ့တန်းမှ ဝီနိုထိုင်းထိုးဖောက်မှုကို မြန်မာဂိုးသမား ကျော်ဇင်ထက် ကာကွယ်စဉ်။ *(အင်တာနက်)*

● မြန်မာအားကစားမှ

အမျိုးသမီး မီတာ(၅၀၀) K4 ကယက်လှေလှော်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းနှင့် အမျိုးသမီး (၇၈)ကီလိုတန်း Heavy ဂျူဒိုပြိုင်ပွဲတွင် ခင်မျိုးသူတို့က ငွေတံဆိပ်တစ်ခုစီ ရရှိကြသည်။

ကြေးတံဆိပ်

အမျိုးသား မီတာ(၅၀၀) K2 ကယက်လှေလှော်ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်း၊ အမျိုးသား မီတာ(၅၀၀) C2 ကနူးလှေလှော်ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်း၊ အမျိုးသမီး မီတာ(၅၀၀) K1 ကယက်လှေလှော်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း၊ အမျိုးသမီးအသင်းလိုက် ကုမိတဲ့ ကရာတေးဒိုပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းနှင့် အမျိုးသား (၁၀၀) ကီလိုတန်း Half Heavy ဂျူဒိုပြိုင်ပွဲတွင် မောင်မောင်စန်းတို့က ကြေးတံဆိပ်တစ်ခုစီရရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အမျိုးသား မီတာ(၅၀၀) C 1 ကနူးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးခဲ့သော ဝင်းထိုက်။

အမျိုးသမီး မီတာ(၅၀၀) K2 ကယက် လှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးခဲ့သော အေးမိခိုင်(ဝဲ)နှင့် နော်လားရီး။ (ယာ)

အောင်ပွဲခံ

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသား ဘောလုံး ပြိုင်ပွဲ တတိယ နေရာလုပွဲ၌ ဗီယက်နမ်ဘက်သို့ ဂိုးသွင်းပြီးနောက်အောင်ပွဲခံနေသူ စင်ကာပူမှ ဖာဇ်ရူနာဝါဒ်နှင့် မော့ဒ်အီစာအဗ္ဗဒူ။
(အင်တာနက်)

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ် ရရှိမှုဇယား

(၁၄-၁၂-၂၀၀၇)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁။	ထိုင်း	၁၇၄	၁၁၈	၁၀၃	၃၉၅
၂။	မလေးရှား	၆၅	၄၉	၈၉	၂၀၃
၃။	ဗီယက်နမ်	၆၄	၅၆	၈၂	၂၀၂
၄။	အင်ဒိုနီးရှား	၅၃	၆၂	၈၂	၁၉၇
၅။	စင်ကာပူ	၄၃	၄၂	၄၁	၁၂၆
၆။	ဖိလစ်ပိုင်	၄၀	၈၈	၉၄	၂၂၂
၇။	မြန်မာ	၁၄	၂၆	၄၅	၈၅
၈။	လာအို	၅	၇	၃၁	၄၃
၉။	ကမ္ဘောဒီးယား	၂	၅	၁၀	၁၇
၁၀။	ဘရူနိုင်း	၁	၁	၄	၆
	စုစုပေါင်း	၄၆၁	၄၅၄	၅၈၁	၁၄၉၆

(ဒေသစံတော်ချိန် ည၉နာရီ ၀၅မိနစ်တွင် ထုတ်ပြန်သည့် အခြေပြဇယားဖြစ်ပါသည်။)
အင်တာနက်။

ကိုးဘွဲ့ရဆရာတော် ဒီဇင်ဘာလ ဓမ္မသဘင်

ရန်ကုန် ဒီဇင်ဘာ ၁၄

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်သည် ဒီဇင်ဘာ ၁၅-၁၆-၁၇ရက်တို့တွင် မြိတ်မြို့ အထူးတရားပွဲ၊ ၁၈ရက်တွင် ရွှေပေါက်ကံမြို့သစ် (၁၄)ရပ်ကွက် ဖိုးရာဇာ (၃)လမ်း အထူးပွဲ၊ ၁၉ ရက် ည ၇နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် အနော်မာထိပ် ရွှေပါရမီဆွမ်းလောင်းအသင်း ဆည်းဆာပွဲ၊ ည ၈နာရီတွင် တောင်ဒဂုံ(၅၇)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူပွဲ၊ ၂၀ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မြဉယျာဉ်စိုက်ပျိုးရေးခြံ၊ ၂၁ရက်တွင် သာကေတမြို့နယ် ၃/မာန်ပြေ မာရဝိဇယ ဓမ္မာရုံ ဆည်းဆာပွဲ၊ ည ၈နာရီတွင် သဃ်န်းကျွန်းမြို့နယ် ၁၆/အပိုင်း ၁ ဇောတိကလမ်း အထူးပွဲ၊ ၂၂ရက်တွင် သာကေတမြို့နယ် ၃/မာန်ပြေ မာရဝိဇယဓမ္မာရုံ မလွန်ပွဲ၊ ၂၃ရက်တွင် အလုံမြို့နယ် သစ်တောရပ်ကွက် ဆွမ်းလောင်းအောင်ပွဲ၊ ၂၄ရက်တွင် မြောက်ဒဂုံ ကိုးဘွဲ့ရကျောင်းတိုက် ရဟန်းအမကြီး ဒေါ်ထွေးထွေးအောင်မွေးနေ့ အထူးပွဲတို့၌ တရားတော်များ ဟောကြားမည်ဖြစ်ပြီး တရားပွဲရက်ရရှိပြီးသူများသည် ကိုးဘွဲ့ရဆရာတော် ဖုန်း-၀၉-၂၁၃၀၈၉၅၊၀၉-၂၁၃၃၀၁၀၊၀၉-၉၉၇၀၄၈၆တို့သို့ ကြိုတင်ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

အင်တာနက် ကျန်းမာရေးသတင်း

ဆေးလိပ်သောက်လျှင် နှလုံးနှင့်ကင်ဆာသာမက ဆီးချိုရောဂါလည်း ဖြစ်နိုင်

ဂျီနီဗာ ဒီဇင်ဘာ ၁၄

ဆေးလိပ်သောက်လျှင် ဖြစ်ပေါ်တတ်သောအန္တရာယ်များနှင့် ပတ်သက်၍ ဆွစ်ဇာလန် သိပ္ပံပညာရှင်များက လေ့လာစူးစမ်းခဲ့ကြသည်။ ယင်းသို့လေ့လာရာတွင် ဆေးလိပ်သောက်ပါက အဆုတ်ကင်ဆာရောဂါနှင့် နှလုံးရောဂါတို့ ဖြစ်လာနိုင်သည်သာမက ဆီးချိုရောဂါဖြစ်လာရန်ပါ အလားအလာရှိသည် ဟူသောအချက်ကို တွေ့ရှိရကြောင်း ဒီဇင်ဘာ ၁၂ရက်တွင် ထွက်ပေါ်လာသည့် ဝက်ဘ်ဆိုက်သတင်း၌ ဖော်ပြထားသည်။

ဆေးလိပ်မသောက်သူများနှင့် နှိုင်းစာလျှင်ဆေးလိပ်မှန်မှန် သောက်သူများတွင် အမျိုးအစား(၂) ဆီးချိုရောဂါ ဖြစ်လာရန် အလားအလာ ၄၄ ရာခိုင်နှုန်း ပို၍များသည်ကို တွေ့ရကြောင်း သုတေသီများကဆိုသည်။

ထိုသုတေသနလုပ်ငန်းကို ဆွစ်ဇာလန်နိုင်ငံလျူဆင်နီ တက္ကသိုလ်မှ ပညာရှင် ကာရောဝီလီနှင့် အဖွဲ့ဝင်များက ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အမျိုးအစား(၂) ဆီးချိုရောဂါသည် ကိုယ်အလေးချိန် အလွန်များသူများ၊ အာဟာရပိုင်းနှင့် အစားအသောက်ပိုင်း အားနည်းချက်ရှိသူများနှင့် အထိုင်များသောလူများတွင် အတွေ့ရများသော ဆီးချိုရောဂါအမျိုးအစားဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ပုလောမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

ပုလောမြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၀၇ခုနှစ် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၆ရက်(စနေနေ့)တွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၇ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ပုလောမြို့နယ်အသင်းဝင် သား/သမီးများ၊ အသင်းဝင်မိသားစုများမှ အသက်(၇၅)နှစ် ပြည့်ပြီးဖြစ်သည့် အဘိုး/အဘွားများ၊ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ရန်နှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသည့် အသင်းဝင်သား/သမီးများ၊ ၂၀၀၈ခုနှစ် အသင်းအမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အဆိုပြုလွှာများ၊ သင်းလုံးကျွတ် အစည်းအဝေးတွင် အကြံပြုစာများကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ အသင်းရုံးသို့ အထောက်အထားများနှင့် ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

အထက(၂)အလုံ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၄ ရက်(အမျိုးသားနေ့) နံနက်က (၈)မိုင် မြိုင်ဟေဝန် ပန်းခြံအနီး ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

အောင်စစ်သည်ဆု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း မင်းသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လေ့ကျင့်ရေးထူးချွန်ဆု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း စိုးဝင်းနိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာပေထူးချွန်(ကွန်ပျူတာသိပ္ပံ)ဆု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်(ကွန်ပျူတာသိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်း စိုးသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာပေထူးချွန်

တပ်မတော်ကာကွယ်ရေးဦးစီးချ
စာပေထူးချွန်(သိပ္ပံ)ဆု ရရှိသူ ဗိုလ်လေ
စဉ်။

✻ ကျောဖုံးမှ
ဗိုလ်ချုပ်စိန်လင်းနှင့် ဗိုလ်ချုပ်လှိုင်မြင့်၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အလေးပြုခြင်းကိုခံယူ

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တက္ကသိုလ်ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။

ချီတက်အလေးပြု

ယင်းနောက် ကျောင်းဆင်း ဗိုလ်လောင်းတပ်ရင်းက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား အနှေးလျှောက်၊အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၉၈၉၀) ဗိုလ်လောင်းမင်းသူ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၀၃၁၉) ဗိုလ်လောင်းစိုးဝင်းနိုင်၊ စာပေထူးချွန် (ကွန်ပျူတာသိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၉၀၇၈) ဗိုလ်လောင်းစိုးသူ၊ စာပေထူးချွန်(သိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၉၄၃၈) ဗိုလ်လောင်း ထူးဝေယံဖြိုးတို့အား ဆုများကို အသီးသီးချီးမြှင့်သည်။

မိန့်ခွန်းပြောကြား

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ရင်းများကို မိန့်ခွန်းပြောကြားသည်။

(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းအပြည့်အစုံကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းလေးဦးနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ (သတင်းစဉ်)

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (အပေါ်ပုံနှင့် ယာပုံ) (သတင်းစဉ်)

စစ်တက္ကသိုလ် ဗိုလ်လောင်း
အမှတ်စဉ်(၅၀)သင်တန်းဆင်း ဂုဏ်ပြ
အခမ်းအနားသို့ တက်ရောက်လာကြ
တွေ့ရစဉ်။
(သ

စာပေထူးချွန်(သိပ္ပံ)ဆု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်(သိပ္ပံ)ဆု ရရှိသူ ဗိုလ်လောင်း ထူးဝေယံဖြိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အားပေးစကား ပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ်ကျောင်း ဌာနချုပ်ညှော်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းလေးဦးနှင့် မိဘများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဒေါင်းမြတ်နား အုပ်စု မြောင်ရှည်ကျေးရွာ မြောင်ရှည်ကျောင်းအတွင်း၌ တေဇစက္ကီ ခုနစ်ရက် တရားစခန်းပွဲကို နတ်တော်လဆန်း ၈ ရက်မှ ၁၄ ရက် ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ နှစ်စဉ်ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် မွန်ပြည်နယ် မုဒုံမြို့မ(၄)ရပ် ဗုဒ္ဓအေးရိပ်သာကျောင်း တေဇစက္ကိဝိပဿနာ ကမ္မဋ္ဌာန်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ မဏိဇောတသီရိ(ဓမ္မာစရိယ)က ဓာတုမနသိကာရ ကာယာနုပဿနာ သတိပဋ္ဌာန်အလုပ်ပေး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲများ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ ဘော်လီဘော အားကစားပြိုင်ကွင်းများ၌ ဆက်လက်ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဘော်လီဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါဘော်လီဘောပြိုင်ပွဲများတွင် နံနက်ပိုင်း ကွင်းအမှတ်(၃)၌ နေပြည်တော် စည်ပင်သာယာရေးကော်မတီအသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကွင်းအမှတ်(၄)၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန အသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ညနေပိုင်း ကွင်းအမှတ်(၁)၌ အားကစားဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ညနေပိုင်း ကွင်းအမှတ်(၂)၌ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက သစ်တောရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။ (သတင်းစဉ်)

ဒေးဒရဲ အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

ဒေးဒရဲမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ န၀မအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက(၁) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဦးစိုးသိန်း ဖုန်း-၀၉၅၁၃၆၇၉၈၊ ဦးဇော်လွင် ဖုန်း-၀၉၈၀၃၁၇၄၈၊ ဒေါ်ခင်ရီ ဖုန်း-၅၂၄၂၅၅ နှင့် ဒေးဒရဲမြို့တွင် ဦးအောင်သိန်း(ရွှေဂျုံးဖြူရွှေဆိုင်)၊ ဦးကြင်စိန်(လျှပ်စစ်ပစ္စည်းဆိုင်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဒေးဒရဲမြို့သို့ လိုက်ပါမည့် ကန်တော့ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးစိုးသိန်း ဖုန်း-၀၉၅၁၃၆၇၉၈ သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၂-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ သုံးဆယ်ရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂:၀၀ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၆။ **"ခံစားရင်း စံစားပါ" (ကျော်ရဲအောင်၊ပန်းဖြူ၊ ကုသိုလ်) (ဒါရိုက်တာ-မြင့်မိုရ်ဆွေ)**
၁:၀၅ ၇။သတင်းအချက်အလက်နှင့် နည်းပညာနယ်လှည့် ဟောပြောပွဲ (IT Caravan 2007) (အပိုင်း-၁)
၁:၂၀ ၈။ အတီးပြိုင်ပွဲ
၁:၃၅ ၉။ ပို့ကုန်သွင်းကုန်များ သယ်ပို့စွမ်းအားဖြည့်တင်းထား ဒဂုံတံတား
၁:၅၀ ၁၀။ တေးဂီတအစီအစဉ်
၁:၅၅ ၁၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၂၀ ၁၂။ အရေးပြိုင်ပွဲ
၂:၂၅ ၁၃။ **"သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း-၁) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ရတနာခင်၊ ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၂:၃၅ ၁၄။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ
၂:၄၅ ၁၅။ International News.
၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၄:၄၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၅၅ ၅။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅:၁၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၃၀ ၇။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၅၀ ၁၁။ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(ပြင်ဦးလွင်) National Landmarks Garden
၇:၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်ဆမ်းမှ(အပိုင်း-၁၅)**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သောအချစ်နေ့" (အပိုင်း-၃)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကမ်းပါးနီကြံမျိုးပွားခြံ သွားရောက်၍ ချက်ကြံများ ကြည့်ရှု မြေလွတ်မြေရိုင်းများ စက်ယန္တရားများဖြင့် ဖော်ထုတ်မှု စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၄

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဒီဇင်ဘာ ၁၃ရက် နံနက် ၈ နာရီတွင် နေပြည်တော်လယ်ဝေး ကမ်းပါးနီကျေးရွာ ကမ်းပါးနီကြံမျိုးပွားခြံသို့ ရောက်ရှိကြပြီး မျိုးပွားယူရန်အတွက် Pairedrow စနစ်ဖြင့် ခြောက်ပေခြား မျဉ်းပြိုင်စိုက်ပျိုးထားသည့် T88/92 အမျိုးအစား ချက်ကြံများကို ကြည့်ရှုစစ်ဆေးပြီး ကြံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ပံ့ပိုးညှိနှိုင်းဆောင်ရွက်ပေးကာ ကမ်းပါးနီကြံမျိုးပွားခြံအတွင်း ကြံစိုက်ပျိုးရန်အတွက် ပြုပြင်ထားသည့်မြေဧက ၁၇ ဧကအတွင်း ကြံမျိုးများ စနစ်တကျ စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နေပြည်တော်လယ်ဝေး ပင်သောင် ကျေးရွာအုပ်စုအတွင်းရှိ မြေလွတ်၊ မြေရိုင်းဖော်ထုတ်နိုင်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနား တန့်ဘားကျေးရွာအုပ်စု၊ ဆိတ်ဖူးတောင်ကျေးရွာအနီးရှိ မြေလွတ်၊ မြေရိုင်းများအား စက်မှုလယ်ယာဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖော်ထုတ်သည့် နေရာသို့ရောက်ရှိကြရာ ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လိုအပ်သည်များကို အကျယ်တဝင့် မှာကြားသည်။

နေပြည်တော်ပျဉ်းမနားခရိုင်သည် ၂၀၀၇/၂၀၀၈ ခုနှစ်အတွင်းတွင် မြေလွတ်၊ မြေရိုင်းဧက ၂၀၀ ဖော်ထုတ်ရန်လျာထားပြီး ယခုအချိန်တွင်၁၀၅ ဧက ဖော်ထုတ်ပြီးစီး၍ တောင်သူများသို့ ခွဲဝေပေးပြီးဖြစ်သည်။ ၂၆ ဧကမှာ အကြမ်းဖော်ထုတ်ပြီး၍ ၆၉ ဧက ကျန်ရှိကာ လျာထားချက်အမီ ဖော်ထုတ်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိဘများအား ဦးထိပ်ထား၍ ဒေါက်တာ တင်ဦး၊ ဒေါက်တာ ခင်ဘုန်းဦး၊ သားကြီး ရွှေဘော်ဦး-ခင်စန်းဝင်း၊ သားငယ် သန့်ဘော်ဦး- ခိုင်မျိုးအောင်၊ မြေး နန္ဒာ၊ စည်သူ၊ ထူး၊ မင်း၊ ရှင်းတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) လက်ထောက် အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၅) အဖွဲ့ဝင် ဗိုလ်မှူးကြီးခင်မောင်စိုးက ရန်ကုန်တိုင်း(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၏ အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၆၃ ဦးအား ထောက်ပံ့ငွေများပေးအပ်ရာ မြို့နယ်စစ်မှုထမ်းဟောင်း ကိုယ်စားလှယ် လက်ခံရယူစဉ်။ (စစ်မှုထမ်းဟောင်း)

စစ်မှုထမ်းဟောင်း ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၅) ရန်ကုန်တိုင်း (စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၏ ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် စုပေါင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၅)အဖွဲ့ဝင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး တက်ရောက်အမှာစကား ပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၆၃ ဦးတို့အား ထောက်ပံ့ငွေကျပ် ၉၄၅၀၀၀၊ ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် စာမေးပွဲ အောင်မြင်သူများအား ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၃၄၅၀၀၀ နှင့် အမျိုးသား စာပေဆုရရှိသူ တပ်သား လှသိန်း (အငြိမ်းစား) ကလောင်အမည် မင်းသျှင် အောင်အား ဂုဏ်ပြုငွေကျပ် ၂၀၀၀၀ တို့ကို ဗိုလ်မှူးကြီးခင်မောင်စိုးက ပေးအပ်ချီးမြှင့်ရာ မြို့နယ်စစ်မှုထမ်းဟောင်း ကိုယ်စားလှယ်က လက်ခံရယူသည်။ (သတင်းစဉ်)

မင်းကုန်းအထကခွဲ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းကုန်းအထကခွဲ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ၁၉၆၆ မှ ၂၀၀၀ ပညာသင်နှစ်အထိ ပညာသင်ကြားပေးခဲ့ကြသောဆရာကြီး၊ဆရာမကြီးများ နှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ ညအိပ်စီစဉ် ထားပြီး လှည်းကူးမြို့မှ ယာဉ်ကြိုပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။(က-ပ)

ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ဦးဆောင်စီစဉ်ဆောင်ရွက်မှုဖြင့် ဒီဇင်ဘာ ၁၃ရက် နံနက် ၇နာရီမှ စတင်၍ ၄/က ရပ်ကွက်၌ သွေးလွန် တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး၊ ဖုံး၊ သွန်၊ လဲ၊ စစ် ကျန်းမာရေးစောင့် ရှောက်မှု လုပ်ငန်းများကို ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်ထွဋ်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်ခင်နွယ်နီနှင့် အသင်းဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ် သူနာပြု(Sister) ဆရာမကြီး ဒေါ်ဝင်းစိန်နှင့် သူနာပြုဆရာမများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အရန်မီးသတ်နယ်မြေခံ တပ်ခွဲ(၁)တပ်ခွဲမှူး ဦးအောင်အောင်နှင့် တပ်ဖွဲ့ဝင်များ၊မိဘပြည်သူများ ပူးပေါင်း ပါဝင်၍ အဖွဲ့ကိုးဖွဲ့ခွဲကာ ရပ်ကွက်တွင်း နေအိမ်များ၏ ရေစည်၊ရေအိုး၊အုတ်ကန်၊ ရေကန်၊ ပန်းအိုးတို့၌ ပိုးလောက်လမ်း များ၊ခြင်များ မပေါက်ပွားနိုင်ရန် ရေလဲ လှယ်ခြင်း၊ ဆေးမှုန့်ပက်ဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ခဲ့ကြသည်။ **(ဝဲပုံ) (၅၀၆)**

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ (၅)၊ အမှတ်(၁)ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၄

ယခုတစ်ပတ် သတင်းဂျာနယ်တွင် အတည်ပြုထားသည့် ဈေးနှုန်းအတွင်း လျှော့ထားခြင်းမပြုပါက သွင်းကုန် လိုင်စင်လက်ခံမည်မဟုတ်၊ ကမ္ဘာပေါ်ရှိ ဈေးကွက်နေရာကောင်းတစ်ခုကိုမြန်မာ့ ပုလဲက ပိုင်ဆိုင်ရရှိလာတော့မည်။ လှောင်အိမ်ဖြင့် ငါးမွေးသောစနစ်ကို သံသရာအေးဆည်အတွင်း စမ်းသပ် လုပ်ဆောင်နေ၊ ပေါင်းဆန်စားသုံးမှု ကျယ်ပြန့်လာရေးလှုံ့ဆော်မှုများ ဆောင် ရွက်မည်။ နိုဝင်ဘာလ မန္တလေးသစ်သီး ဈေးကွက်၊ မြန်မာ့တိုင်းရင်းဆေး အဘဝ ရှုဆေးဘူးများ တာချီလိတ် နယ်စပ်တွင် အရောင်းသွက်၊ မြို့ရွာနှင့် အိုးအိမ်မှ ဈေးပြိုင်စနစ် လုံးချင်းအိမ် ရာများ ရောင်းမည်။ ကြက်ငှက်တုပ် ကွေးရောဂါ ထိန်းချုပ်ရေးဒေသ (၁၇) တွင် သင်တန်းပေးမည်။ MOSA ၏ Websiteနှစ်စဉ်ကြေး ငွေကျပ်၁၀၀၀ ဖြင့်ဝင်ရောက်နိုင်ပြီ၊ ၂၀၀၈နှစ်သစ်ကူး ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အိန္ဒိယရဲ့ ပြည်ပတင်ပို့မှုများ နိုင်ငံတကာသို့ ပြသမည်။ မဲခေါင်ဒေသမြစ်ဝှမ်းများ၏ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက် သော ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအား ဖိတ်ကြား၊ ဗေဒါနဲ့ဒေါ်လာရှာလမ်း၊ ဆောင်းရာသီဘောထုပ်ဈေးကွက်အင်အား ကောင်းစွာလှုပ်ရှားနေ၊အစာကြမ်းအတွက် မြက်ချဉ်ဖတ်ကို စမ်းသပ်ထုတ်လုပ်ခဲ့၊ ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင် ပါဝင်မှုအန္တရာယ်အစရှိသည့် ပြည်တွင်း ဈေးကွက်သတင်းများ၊ သန့်ရှင်းသော ပတ်ဝန်းကျင်ဆီသို့ ရှာပန်းချီစာစီ သနိုင်ရဲ့၊ သဘောတွေ့မယ်၊ အသော အထေ့အစရှိသည့် ဆောင်းပါးများနှင့် ဟာသများ၊ တိရစ္ဆာန်လောက၊ စိုက်ပျိုး ရေးပညာပေး ဆောင်းပါးများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ မှုခင်းသတင်းစုံ ပါဝင်ကြောင်းသိရှိရသည်။

ဆက်သွယ်ရန်

စိမ်းလဲ့ရွှေပြည်ဂျာနယ် ရရှိနိုင်သော နေရာများမှာ စာပေဗိမာန်စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ် ဆိုင်နှင့် ပန်းရွှေပြည် စာအုပ်ဆိုင်များ ဖြစ်သည်။ စာမူများ ပေးရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူး ချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ် (၂၂၈) ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၃၈၂၀၇၀ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တရားရုံးစာရေးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ ရက်တိုသင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၁၄

မွန်ပြည်နယ်တရားရုံးက ကြီးမှူး ဖွင့်လှစ်သော စာရေးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ ရက်တိုသင်တန်း အမှတ်စဉ် (၃/၂၀၀၇) ဆင်းပွဲကို ဒီဇင်ဘာ ၁ ရက်တွင် မွန်ပြည်နယ် တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မွန်ပြည်နယ် တရားသူကြီး ဦးမြင့်ဝင်းတက်ရောက်၍ အမှာစကားပြောကြားပြီး **(ယာပုံ)** ပထမဆုရ ဘီးလင်းမြို့နယ် တရားရုံးမှ အငယ်တန်းစာရေး ဒေါ်ခွန်မေစိုးအား လည်းကောင်း၊ တွဲဖက်ပြည်နယ် တရားသူကြီး ဒေါ်သင်းသင်းနွဲ့က ဒုတိယဆုရ မော်လမြိုင်မြို့နယ် တရားရုံးမှ အငယ်တန်းစာရေး ဒေါ်ဝါဝါအား လည်းကောင်း၊ တွဲဖက်ပြည်နယ် တရားသူကြီး ဒေါ်နီနီက တတိယဆု မော်လမြိုင်မြို့နယ် တရားရုံးမှ အကြီး တန်းစာရေး ဒေါ်မြစိန်အားလည်း ကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့် ကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၂-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၅ ၄။ ကျန်းမာသုတ
၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် အက်စစ်တစ်စက်ပိုင်တစ်ခွက် လွင်မိုး၊ နန္ဒာလှိုင် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)**
၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပုံရိပ်ပမာ (အပိုင်း-၅၁)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ လူရွှင်တော်ရွှေဖလား
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိမ်းငှက်သူရဲကောင်း (ဒုတိယတွဲ) (အပိုင်း-၁၃)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

၂၀၀၇ ခုနှစ် (၄၆)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်ကစား

(ခခ)အုပ်စု ပဒုမ္မာအားကစားကွင်း (စမ်းချောင်း) ၌ ကျင်းပသောပြိုင်ပွဲတွင် တပ်မတော် (ရေ) ဘောလုံးအသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ (ခခ)အုပ်စု စလင်းအားကစားကွင်း (ကြည့်မြင်တိုင်)၌ ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(လေ)ဘောလုံးအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့သည် တစ်ဂိုးစီသရေဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်း ပန်းချီပြပွဲ ပြသခွင့်လက်မှတ်ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကင်းမြို့နယ် စည်ပင်လမ်းရှိ မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံ၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ပြသမည့် ထွန်းဖောင်ဒေးရှင်းက စီစဉ်ပြီး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) က ပါဝင်ကူညီသည့် Best Painting of the year 2007 အနုပညာပြပွဲ ပြသနိုင်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က ပြပွဲတာဝန်ခံ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး အတွင်းရေးမှူး ဦးကြည်ဝင်းအား ပြပွဲပြသခွင့်လက်မှတ်ပေးအပ်သည်။

(ဝဲပုံ) (က-ပ)

ကျိုင်းတုံမြို့နယ်အတွင်းဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါမှ လူသို့ကူးစက်ပြန့်ပွားမှုကို ကာကွယ်ကုသထိန်းချုပ်နိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် နောင်ငင်းကျေးရွာ၌ တိုင်းရင်းကြက်များ ပုံမှန်မဟုတ်သော သေဆုံးမှုရှိကြောင်း နိုဝင်ဘာ ၁၈ ရက်တွင် သတင်းရရှိသဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဓာတ်ခွဲခန်းဆိုင်ရာ စမ်းသပ်စစ်ဆေးခြင်း အဆင့်ဆင့်ပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ H5 N1 ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရောဂါနှိမ်နင်းရေးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများနှင့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို အချိန်တိုအတွင်းထိန်းချုပ်နိုင်ခဲ့သည်။

ရောဂါဖြစ်ပွားသော ကြက်၊ဘဲများအား သုတ်သင်ရှင်းလင်းသူနှင့် ရောဂါဖြစ် ကြက်ခြံများနှင့် နီးကပ်စွာနေထိုင်သူ ၆၈၉ ဦးအား ကျန်းမာရေးဝန်ကြီးဌာနမှ နေ့စဉ် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ သံသယလူနာလေးဦးတွေ့ရှိခဲ့သည်။ ၎င်းတို့၏ ဓာတ်ခွဲနမူနာများကို ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ မနမ်းခန်းသန်း အသက် (၇)နှစ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရကြောင်း နိုဝင်ဘာ ၂၆ ရက်တွင် ဓာတ်ခွဲအဖြေရရှိခဲ့သည်။

၎င်းသံသယလူနာလေးဦး၏ ဓာတ်ခွဲနမူနာများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဓာတ်ခွဲခန်းနှင့် ဂျပန်နိုင်ငံတိုကျိုမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရည်ညွှန်းဓာတ်ခွဲခန်းများသို့ ဆက်လက်ပေးပို့စစ်ဆေးခဲ့ရာ သံသယလူနာလေးဦးအနက် မနမ်းခန်းသန်း အသက် (၇)နှစ်တွင် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနမှရရှိသော အဖြေအတိုင်း ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရကြောင်း ဒီဇင်ဘာ ၁၃ရက်တွင် ဓာတ်ခွဲ အဖြေအတည်ပြုရရှိခဲ့သည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရသော မနန်းခန်းသန်း အသက် (၇)နှစ်ကို နိုဝင်ဘာ ၂၇ရက်တွင် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးတွင် သီးသန့်ထားရှိ၍ ရောဂါပိုးသတ်ဆေး တမီဖလူး (Tamiflu) ဆေးဝါးများဖြင့် ထိရောက်စွာကုသပေးခဲ့သည်။ ယခုအခါ ၎င်း၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိသောကြောင့် ဒီဇင်ဘာ ၁၂ ရက်တွင် ဆေးရုံမှဆင်းပေးပြီးဖြစ်ကြောင်းနှင့် ကျန်အနီးကပ်ထိတွေ့နေထိုင်သူ (Close Contact) အားလုံးအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကာလ ၁၀ ရက် စောင့်ကြပ်ကြည့်ရှုခဲ့ရာ ဆက်လက်၍ ရောဂါကူးစက်မှု မရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ဆည်မြို့၌ (၈၇)နှစ်မြောက် အမျိုးသားနေ့ကျင်းပ စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုရသူများ ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၄

ကျောက်ဆည်မြို့ (၈၇)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။ အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၈၇)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

(ခရိုင်ပြန်/ဆက်)

သန်လျင်မြို့ စိန့်ဂျော့ဂျ်(စ်) နှင့် အထက(၃) ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၄

သန်လျင်မြို့ စိန့်ဂျော့ဂျ်(စ်) ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အထက (၃) သန်လျင် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ဆဋ္ဌမအကြိမ်မြောက် အာစရိယဂုဏ်ပူဇော်သဘင်ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အထက်ပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြွရောက်ပါရန်နှင့် အလှူငွေများကို ဒေါက်တာခင်ဇော် ဖုန်း-၀၅၆-၂၁၂၃၀-၂၂၀၆၁၊ ဦးခင်ဝင်း ဖုန်း-၀၉-၅၁-၀၂၁၄၀၊ ဒေါက်တာထူးထူးကို ဖုန်း-၀၉-၅၁-၅၃၉၈၀နှင့် ဦးနေဝင်း ဖုန်း-၀၉-၉၉-၂၀၄၆၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

(က-ပ)

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

သံပန်း သံတံခါး ထုရိုက်သံ ပတ်ဝန်းကျင်ဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၆ လမ်း (အလယ်)ရှိ မြေညီထပ်တွင် သံပန်းသံတံခါးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ဂဟေဆော်ခြင်း၊ သံချောင်းများ ထုရိုက်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ သံဂဟေဆော်သည့် ညော်နံ့နှင့် ဆူညံသံများ ကင်းရေးအတွက် အဆိုပါလုပ်ငန်းကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူ

မွေးမြူရေး ကြက်ခြံ ကြက်ချေးနံ့နံ

စာတည်းခင်ဗျား-

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ စံချိန်မီ ၁ ရပ်ကွက် စိတ္တသုခလမ်းတွင် ကြက်ခြံများ စီးပွားဖြစ်မွေးမြူလျက်ရှိရာ ကြက်ချေးနံ့များ နေ့စဉ်ရှူရှိုက်ရသဖြင့် ကျန်းမာရေးထိခိုက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကြက်ခြံများအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ကျောက်တန်းသားများ

ရေသန့်ဘူးခွံများတင်ချသံ ဆူညံ

စာတည်းခင်ဗျား-

သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာ ၃ လမ်း သုမင်္ဂလာ အဆင့်မြင့်အိမ်ရာစခန်းရှိ နေအိမ်တစ်အိမ်တွင် ရေသန့်စက်ရုံမှ ရေသန့်ဘူးအခွံများကို ဝင်းခြံအပြည့် ထားရှိပြီး ဆေးကြောသန့်စင်ခြင်း၊ ဘူးခွံများ တင်ချရွှေ့ပြောင်းခြင်းများ နေ့စဉ်ပြုလုပ်လျက်ရှိရာ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆင့်မြင့်အိမ်ရာအတွင်း ဆူညံမှုများ ကင်းဝေးရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဆူညံသံမခံနိုင်သူ**

ရပ်ကွက်အတွင်းမှ သစ်ခွဲစက် ဖယ်ရှားပေးသင့်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၁) ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့် ယုဇနလမ်းထောင့်ရှိ အိမ်တစ်အိမ်သည် နောက်ဖေးလမ်းကြားကိုပိတ်၍ သစ်ဂိုဒေါင်နှင့် သစ်များ ခွဲစိတ်လုပ်ကိုင်လျက်ရှိရာ သစ်ခွဲစက်သံ၊ ခွဲပြီးသစ်နှင့် သစ်လုံးများ တင်၊ ချသံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်နေရပါသည်။

သို့ဖြစ်ပါ၍ ရပ်ကွက်အတွင်းမှ အဆိုပါ သစ်ခွဲစက်ကို သင့်တော်ရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။ **ဒဂုံမြောက်ပိုင်းသား**

မိလ္လာပိုက်ပေါက် ပြုပြင်ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လသာမြို့နယ် အမှတ် (၂) ရပ်ကွက် လမ်းမတော်လမ်းနှင့် ၁၇လမ်းကြား (သံဈေးအနီး)ရှိ တိုက်တစ်တိုက်မှ မိလ္လာပိုက်သည် အထက်အမြင့် တစ်နေရာမှ ပြုတ်ထွက်ကာ မိလ္လာများပြန့်ကြဲ လွင့်စဉ်ကျလျက်ရှိပါသည်။ မိလ္လာကန်များမှာလည်း ပြည့်လျှံလျက်ရှိရာ အနံ့သက်ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်ပါသည်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင် သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူ**

လမ်းဆုံမှအရက်ပုန်းဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၃ ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်းလမ်းဆုံအနီး တစ်ဝိုက်တွင် အရက်ပုန်းဆိုင် ဖွင့်လှစ်ထားရာ မဖွယ်မရာပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် လမ်းသွားလမ်းလာ အမျိုးသမီးများအား နှောင့်ယှက်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရက်ပုန်းဆိုင်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားတစ်ဦး**

အမြင်မတော် တည်းခိုခန်းကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ် ၅ ရပ်ကွက် တကောင်းလမ်းနှင့် ပါရမီလမ်းအကြား သုမင်္ဂလာ လမ်းမကြီးပေါ်တွင် တည်းခိုခန်းတစ်ခုရှိရာ ပတ်ဝန်းကျင် အမြင်မတော်သော လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ လူနေသိပ်သည်းသော ရပ်ကွက်ဖြစ်သည့်အတွက် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတည်းခိုခန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အမြင်မတော်သူ**

ကျူးကျော်လက်ဖက်ရည်ဆိုင်များ ဖယ်ရှားရှင်းလင်းပြီးစီး

၁-၁၂-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သာယာဝတီခရိုင် သုံးဆယ်မြို့ ဈေးလမ်းမကြီးတစ်လျှောက်ရှိ **ကျူးကျော်လက်ဖက်ရည်ဆိုင်များ ဖယ်ရှားပေးသင့်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

တရားမဝင် အရက်ထုတ်လုပ်မှု ရှင်းလင်းပြီးစီး

၉-၉-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုမင်္ဂလာလမ်းမှ **တရားမဝင် အရက်ထုတ်လုပ်မှု တားဆီးပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ခွေးဟောင်သံဆူညံမှု ရှင်းလင်းပြီးစီး

၂၂-၉-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကမာရွတ်မြို့နယ် ၄-ရပ်ကွက် ကွမ်းခြံ ၂ လမ်းမှ **ဟံသာရိပ်မွန်အိမ်ရာ ခွေးဟောင်သံ ဆူညံ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၄

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကျောင်းဆင်း ဗိုလ်လောင်းတပ်ရင်း ချီတက်အလေးပြုစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ငွေဦး၊ ဦးအောင်သောင်း၊ ဗိုလ်ချုပ်စောထွန်း၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဦးသောင်း၊ ဗိုလ်မှူးကြီးဇော်မင်း၊ ဒေါက်တာချမ်းငြိမ်းနှင့် ဗိုလ်မှူးချုပ်သိန်းအောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်မှူးကြီးကျော်ညွန့်၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဗိုလ်ချုပ်သန်းငွေ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

မြန်မာအားကစားအဖွဲ့ ရွှေလေးခု၊ ငွေနှစ်ခု၊ ကြေးငါးခု ထပ်မံရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၄

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသော (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့သည် ယမန်နေ့တွင် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် ငါးခုတို့ ရရှိခဲ့သည်။

အမျိုးသား မီတာ (၅၀၀) C 1 ကနူးလှေလှော်ပြိုင်ပွဲတွင် ဝင်းထိုက်၊ အမျိုးသမီးမီတာ(၅၀၀) K 2ကယက်လှေလှော်ပြိုင်ပွဲတွင် အေးမိခိုင်နှင့် နော်လားရီး၊ အမျိုးသား မီတာ(၅၀၀) ရိုးရာလှေလှော်ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်း၊ အမျိုးသမီး မီတာ(၅၀၀) ရိုးရာလှေလှော်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းတို့က ရွှေတံဆိပ်တစ်ခုစီ ရရှိကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ●

ဘက္ကရီးအီးဒ်နေ့ အလုပ်ပိတ်ရက်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် (၁၃၆၉ ခုနှစ် နတ်တော်လဆန်း ၁၂ ရက်) ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် (သောကြာနေ့)သည် အီဒွလ်အဿွဟာ (ဘက္ကရီးအီးဒ်)နေ့ ဖြစ်သည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ (၂၅)အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။ (သတင်းစဉ်)